ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# မြန်မာနိုင်ငံတက္ကသိုလ်များ၏ ဘဏ္ဍာရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှု

# စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | မြန်မာနိုင်ငံ၊ အဆင့်မြင့်ပညာရေးကဏ္ဍ တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုအပြောင်းအလဲများ | ၂ |
| ၃။ | တက္ကသိုလ်များတွင် ကျင့်သုံးလျက်ရှိသော ဘဏ္ဍာရေးစနစ် | ၄ |
| ၄။ | လက်ရှိကျင့်သုံးနေသော ဘဏ္ဍာရေးစနစ်ကို စိစစ်လေ့လာခြင်း | ၇ |
| ၅။ | တွေ့ရှိချက်များနှင့် သုံးသပ်ချက်များ | ၂၅ |
| ၆။ | အကြံပြုဘဏ္ဍာငွေရရှိသုံးစွဲမှုစနစ် | ၂၇ |
| ၇။ | နိဂုံး | ၂၉ |

# မြန်မာနိုင်ငံတက္ကသိုလ်များ၏ ဘဏ္ဍာရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှု

ဒေါက်တာစိုးဝင်း၊ **ပါမောက္ခချုပ်၊ မုံရွာစီးပွားရေးတက္ကသိုလ်**
ဒေါက်တာအောင်ကျော်၊ **ပါမောက္ခ(ဌာနမှူး)၊ ဝါဏိဇ္ဇဗေဒဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်**

## အကျဉ်းချုပ်

မြန်မာနိုင်ငံရှိတက္ကသိုလ်များတွင် လက်ရှိအားဖြင့် နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေအသုံးပြုသော ဘဏ္ဍာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ လက်ရှိစနစ်အတိုင်း ကျင့်သုံးဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစီမံခန့်ခွဲသူများ ကြုံတွေ့နေသော အားသာချက်နှင့် အားနည်းချက်များ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၏ ဆက်လက်ဖြစ်ပေါ်လာမည့် အပြောင်းအလဲများနှင့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် လက်ရှိဘဏ္ဍာရေးစနစ်၏ ဖြည့်ဆည်းနိုင်မှုနှင့် အခြားစနစ်သစ်တစ်ခုအားပြောင်းလဲရန် လိုမလိုတို့ကို သိရှိနိုင်ရန်ရည်ရွယ်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၁၆၀ အား မေးခွန်းလွှာများဖြင့် အချက်အလက်များကောက်ယူခဲ့ပြီး ဆန်းစစ်လေ့လာခဲ့ပါသည်။ လေ့လာချက်အရ လက်ရှိဘဏ္ဍာရေးစနစ်သည် ရငွေ၊ အသုံးစရိတ်များအားစနစ်ကျစေရန် ထိန်းချုပ်ကြီးကြပ်နိုင်မှု၊ မသမာမှုမဖြစ်အောင် ကာကွယ်ပေးနိုင်မှု၊ ပွင့်လင်းမြင်သာမှု ရှုထောင့်များတွင် အားသာချက်ရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် တက္ကသိုလ်များ၏ လိုအပ်ချက်များအရ ဘတ်ဂျက်ခေါင်းစဉ်နှင့် အသုံးစရိတ်များ ပြောင်းလဲကျင့်သုံးနိုင်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ငွေလုံးငွေရင်း အသုံးစရိတ်များအား လိုအပ်သလိုတာဝန်ယူသုံးစွဲနိုင်မှု၊ အသုံးစရိတ်များအား ခေတ်ကာလနှင့်အညီ လိုက်ပါ တိုးမြှင့်ပြောင်းလဲနိုင်မှုအပိုင်းများတွင် အားနည်းချက်ရှိကြောင်း တွေ့ရပါသည်။ သို့ဖြစ်ပါ၍ လက်ရှိဘဏ္ဍာရေးစနစ်၏ အားနည်းချက်များကို ဖြည့်ဆည်းနိုင်ရန်၊ အနာဂတ်တွင် ပေါ်ပေါက်လာမည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်များအတွက် အဆင်သင့်ဖြစ်စေရန်နှင့် တာဝန်ယူ၊ တာဝန်ခံသုံးစွဲတတ်သော ဘတ်ဂျက်စနစ်တစ်ခုဖြစ်စေရန်အတွက် အသစ်ပြဋ္ဌာန်းထားသော အမျိုးသားပညာရေးဥပဒေနှင့် နိုင်ငံတော်၏ဘဏ္ဍာရေးလုပ်ထုံး၊ လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တက္ကသိုလ်များ၏ ကိုယ်ပိုင်ရန်ပုံငွေတစ်ခုတည်ထောင်ဖွင့်လှစ်ခွင့်ပြုပြီး ကိုယ်တိုင်တာဝန်ယူ စီမံခန့်ခွဲစေသောစနစ်ဖြင့် လက်ရှိကျင့်သုံးနေသည့်ဘတ်ဂျက်ဖြင့် ခွဲဝေကျင့်သုံးသောစနစ်ကို ထပ်မံပေါင်းစပ်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။

## ၁။ နိဒါန်း

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ကျော်လွန်ပြီးသည့် အချိန်အခါမှ စတင်၍ နိုင်ငံရေးအရွေ့အပြောင်းနှင့်အတူ ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ခဲ့ရာတွင် မြန်မာ့ပညာရေးစနစ်သည်လည်း ပြုပြင်ပြောင်းလဲမှုများစတင်ခဲ့ပါသည်။ တက္ကသိုလ်များအား ဗဟိုချုပ်ကိုင်စီမံခန့်ခွဲသည့် ပညာရေးစနစ်အစား ကိုယ်ပိုင်လွတ်လပ်စွာစီမံခန့်ခွဲနိုင်သော ပညာရေးစနစ်သို့ တစ်စစ ပြောင်းလဲနေသောအရွေ့ကို တွေ့မြင်လာခဲ့ရပါသည်။ ၂၀၁၄၊ စက်တင်ဘာလတွင် အမျိုးသားပညာရေး ဥပဒေနှင့် ၂၀၁၅၊ ဇွန်လတွင် ယင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းနိုင်ပြီးနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ပေါ်ပေါက်လာပြီး တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် ကျောင်းသားသမဂ္ဂများ၊ ဆရာများသမဂ္ဂများစသည့်လွတ်လပ်စွာ ဖွဲ့စည်းထားသော အသင်းအဖွဲ့များ ပေါ်ပေါက်လာသကဲ့သို့ ပါမောက္ခချုပ်များကော်မတီကဲ့သို့ တက္ကသိုလ်များအကြား ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်သည့် အဖွဲ့အစည်းများလည်း ပေါ်ပေါက်လာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အဓိကကျသောအမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း[1](၂၀၁၆-၂၀၂၁) ကို ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းက

[1] National Education Strategic Plan(2016-2021), Ministry of Education, The Government of the Republic of the Union of Myanmar.

မြန်မာနိုင်ငံ၏ လက်ရှိပညာရေးစနစ်၏ အဓိကစိန်ခေါ်မှုနယ်ပယ် ၉ ခု ကိုတင်ပြခဲ့ရာ အဆင့်မြင့်ပညာရေးနယ်ပယ်အတွင်းတွင် အဓိကစိန်ခေါ်မှု ၄ ခုကို ထုတ်ဖော်နိုင်ခဲ့ပါသည်။ ယင်းတို့မှာ (၁) သမားရိုးကျ ဗဟိုဦးစီးစနစ်ပုံစံမှ လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ တာဝန်ခံမှုနှင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုတို့ကို ဦးစားပေး၍ လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်သောပုံစံ (Corporate Model)သို့ ပြောင်းလဲရန် (၂)မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးစနစ်တွင် သင်ရိုးညွှန်းတမ်း၊ သင်ယူမှုဝန်းကျင်၊ သုတေသနနှင့် သင်ကြားရေးလုပ်ငန်းစဉ်များစသည့် အရည်အသွေးနှင့်သက်ဆိုင်သောလုပ်ငန်းများကို အဘက်ဘက်မှမြှင့်တင်ပေးရန် (၃)ငွေကြေးတတ်နိုင်မှုနှင့် လက်လှမ်းမီနိုင်မှုတို့သည် အဆင့်မြင့်ပညာရေးနှင့် ပတ်သက်သည့် သင်ယူမှုအခွင့်အလမ်းအပေါ် အဓိကလွှမ်းမိုးနေသောကြောင့် ကျောင်းသားများအနေဖြင့် အဆိုပါအခက်အခဲကို ကျော်လွှားနိုင်ရန် ထောက်ပံ့ပေးသည့် အစီအစဉ်များ လိုအပ်နေခြင်း (၄) မြန်မာနိုင်ငံ အဆင့်မြင့်ပညာကျောင်းများတွင် အတွေးအခေါ်အသစ်များနှင့် ဆန်းသစ်တီထွင်မှုများဖွံ့ဖြိုးရေးအတွက် အဆိုပါကျောင်းများ၏ သုတေသနစွမ်းဆောင်ရည် (Research Capacity) ကိုမြှင့်တင်ပေးရန်တို့ဖြစ်ပါသည်။ အထက်ပါ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် အထူးသဖြင့် စွမ်းဆောင်ရည်မြင့်မားမှု၊ တာဝန်ခံမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲမှုကို အခြေခံသည့်အုပ်ချုပ်ရေးစနစ်ဆီသို့ ရွေ့လျားလာခဲ့ပါသည်။ တက္ကသိုလ်များတွင် ကိုယ်ပိုင်ပဋိညာဉ်ရေးဆွဲနိုင်ရန်နှင့် အရည်အသွေး အာမခံချက်စနစ်များ တည်ထောင်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ယင်းသို့ ဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲမှုများနှင့် လိုက်ဖက်သော တစ်နည်းအားဖြင့် ထိုသို့ အပြောင်းအလဲများကို အားဖြည့်ထောက်ကူပေးနိုင်သော တက္ကသိုလ်များ၏ ဘဏ္ဍာရေးစနစ်အတွင်း ပြုပြင်ပြောင်းလဲမှုများ လိုအပ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်များတွင် လက်ရှိ ကျင့်သုံးလျက်ရှိသည့် နိုင်ငံတော် ဘတ်ဂျက်ဖြင့် ကြီးကြပ်စီမံခန့်ခွဲသည့် ဘဏ္ဍာရေးစနစ်၏ အားသာချက်၊ အားနည်းချက်များကို သိရှိရန်နှင့် ပြုပြင်ပြောင်းလဲရန်လိုအပ်ပါက မည်သို့ပြုပြင်ပြောင်းလဲသင့်သည်ကို ဖော်ထုတ်နိုင်ရန် အတွက် ရည်ရွယ်၍ ယခုစာတမ်းကို လေ့လာတင်ပြရခြင်းဖြစ်ပါသည်။

**၂။ မြန်မာနိုင်ငံ၊ အဆင့်မြင့်ပညာရေးကဏ္ဍ တက္ကသိုလ်များ၏စီမံခန့်ခွဲမှုအပြောင်းအလဲများ**

မြန်မာနိုင်ငံတွင် အမျိုးသားပညာရေးဥပဒေ[2]ကို ၂၀၁၄ စက်တင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်း အဆင့်မြင့်ပညာရေးကဏ္ဍ တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုပိုင်းတွင် အပြောင်းအလဲများ စတင်ဖြစ်ပေါ်လာခဲ့ပါသည်။ အဆိုပါ ဥပဒေ၏ အခန်း (၁၂)၊ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ) အရ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင်ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းချက်ပါရှိပါသည်။ ယင်းဥပဒေကို ပြင်ဆင်သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ[3] ကို ၂၀၁၅ ဇွန်လတွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ၏ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် ကိုယ်ပိုင်

[2] National Education Law (2014)

[3] National Education Amendment Law (2015)

ရန်ပုံငွေရှာဖွေထူထောင်ဆောင်ရွက်ခွင့်ရှိသည်ဟု ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ပြင်ဆင်ပြဋ္ဌာန်းချက်များကို တွေ့မြင်ရပါသည်။ ယင်းဥပဒေများတွင် အဆင့်မြင့်ပညာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေ ထူထောင်ဆောင်ရွက်ခွင့်ပြုထားသည်ကို တွေ့မြင်ရပါသည်။ အမျိုးသား ပညာရေးဥပဒေများအရ နိုင်ငံတော်အစိုးရသည် ပညာရေးတွင် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ကိုယ်ပိုင်လွတ်လပ်သော စီမံခန့်ခွဲအုပ်ချုပ်မှု[4] ဖြင့် အကျိုးစီးပွားပတ်သက်သူများ[5]ပါဝင် နိုင်သော၊ ပွင့်လင်းမြင်သာသော[6]စနစ်သို့ ကူးပြောင်းရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း တွေ့မြင်ရပါသည်။

အထက်ပါ ဥပဒေပြဋ္ဌာန်းချက်များအရ အမျိုးသားပညာရေးမူဝါဒကော်မရှင်[7]ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် အဖွဲ့ဝင် ၂၁ ဦးဖြင့် မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍ အရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ထိရောက်သည့် မူဝါဒများချမှတ်ပေးနိုင်ရန် ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်၏လုပ်ငန်းများကို ပံ့ပိုးပေးနိုင်စေရေးအတွက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ[8]၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ[9]နှင့် ပါမောက္ခချုပ်များကော်မတီ[10] များကို တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။

ယင်းသို့ ဥပဒေနှင့်အသင်းအဖွဲ့များဆိုင်ရာ ပြောင်းလဲမှုများနှင့်အညီ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီကတဆင့် တက္ကသိုလ်များ၏ အတွင်း[11]၊ အပြင် ပညာရေးအရည်အသွေးအာမခံချက်စနစ်များ[12] ဖြစ်ပေါ်စေရန်အတွက်ဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိပါသည်။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီသည် အဆင့်မြင့်ပညာတက္ကသိုလ်များ၏ အရည်အသွေးအာမခံမှုစနစ်တစ်ခုတည်ထောင်နိုင်စေရန်အတွက်ရည်ရွယ်၍ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လျက်ရှိပါသည်။ တက္ကသိုလ်များအတွင်း ပညာရေးအရည်အသွေးအာမခံမှုစနစ် (Internal Quality Assurance System)နှင့် တက္ကသိုလ်ပြင်ပ ပညာရေးအရည်အသွေးအာမခံမှုစနစ် (External Quality Assurance System)တို့ကို သတ်မှတ်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆင့်မြင့်ပညာကဏ္ဍတွင်အရည်အသွေးစံသတ်မှတ်မှုနယ်ပယ် (၁၅)ခုချမှတ်နိုင်ခဲ့ပြီး တက္ကသိုလ်များအားလုံးကို တပြေးညီအကဲဖြတ်နိုင်မည့် အရည်အသွေးတိုင်းတာမှု အခြေခံဘောင်တစ်ခုချမှတ်နိုင်ခဲ့ပါသည်[13]။ ယင်းတို့အနက် နယ်ပယ် (၇) **ဘဏ္ဍာ**ရေးနှင့် ရုပ်ပိုင်းဆိုင်ရာသွင်းအားစုများ စီမံခန့်ခွဲမှု[14]

---

[4] Autonomy

[5] Stakeholders

[6] Transparency

[7] National Education Policy Commission (NEPC)

[8] National Curriculum Committee (NCC) အဖွဲ့ဝင် ၁၅ဦးဖြင့် နိုဝင်ဘာ ၂၀၁၅တွင် ဖွဲ့စည်းခဲ့ပါသည်။

[9] National Accreditation and Quality Assurance Committee (NAQAC) အဖွဲ့ဝင် ၂၀ဖြင့် ဇန်နဝါရီ ၁၆၊ ၂၀၁၇တွင် ဖွဲ့စည်းခဲ့ပါသည်။

[10] Rector Committee

[11] Internal Quality Assurance System

[12] External Quality Assurance System

[13] Prof. Zaw Win, Secretary NAQAC, “The Role of National Accreditation and Quality Assurance Committee and Its Activities” 24-25 August 2018

[14] Financial and Physical Resources Management

နှင့် နယ်ပယ် (၈) သုတေသန လုပ်ငန်းများ စီမံခန့်ခွဲနိုင်မှု[15]တို့အား တိုင်းတာအကဲဖြတ်အမှတ်ပေးနိုင်ရန်မှာ တက္ကသိုလ်များအား ပိုမိုလွတ်လပ်စွာ စီမံခန့်ခွဲနိုင်သော **ဘဏ္ဍာ**ရေးစနစ်တစ်ခု ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုနည်းတူစွာ အမျိုးသားပညာရေးဥပဒေအတိုင်း ကိုယ်ပိုင်လွတ်လပ်စွာ စီမံခန့်ခွဲအုပ်ချုပ်နိုင်သောတက္ကသိုလ်များ[16]နှင့် ကျယ်ပြန့်သောဘာသာရပ်များအား တစ်နေရာထဲတွင် သင်ကြားပို့ချပေးနိုင်သော တက္ကသိုလ်များ[17] တည်ထောင်နိုင်ရန်အတွက် ယခုလက်ရှိကျင့်သုံးနေသော နိုင်ငံတော်ဘတ်ဂျက်မှ တိုက်ရိုက်ဆောင်ရွက်သော **ဘဏ္ဍာ**ရေးစီမံခန့်ခွဲမှုဖြင့် လုံလောက်စွာပံ့ပိုးဆောင်ရွက်နိုင်မှုအပေါ် မေးခွန်းထုတ်စရာဖြစ်လာပါသည်။

**၃။ တက္ကသိုလ်များတွင် ကျင့်သုံးလျက်ရှိသော ဘဏ္ဍာရေးစနစ်**

မြန်မာနိုင်ငံတက္ကသိုလ်များတွင် လက်ရှိကျင့်သုံးနေသော ဘဏ္ဍာရေးစနစ်မှာ ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများနည်းတူ နိုင်ငံတော်၏ ဘဏ္ဍာငွေဘတ်ဂျက်မှ တိုက်ရိုက်ခွဲဝေချထားပေးပြီး သုံးစွဲရသောစနစ်[18]ဖြစ်ပါသည်။ လက်ရှိအားဖြင့် အဆင့်မြင့်ပညာကို သင်ကြားပေးနေသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ အားလုံးမှာ နိုင်ငံပိုင်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှတဆင့် လျာထားတင်ပြရပြီး သုံးစွဲရသောစနစ်ဖြစ်ပါသည်။ ၁၉၇၂ အောက်တိုဘာလ (၁) ရက်မှ စတင်ပြီး အစိုးရစာရင်းပြုစုနည်းစနစ်အတိုင်း သာမန်၊ ငွေလုံးငွေရင်း၊ ကြွေးမြီ၊ လွှဲပို့ငွေ ဟူ၍ အဓိက စာရင်း(၄)မျိုးခွဲခြား၍ စီမံခန့်ခွဲပါသည်။ ၂၀၀၈ အခြေခံဥပဒေတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်များ[19] ထားရှိကျင့်သုံးနိုင်ရန် အခြေခံများချမှတ်ပေးခဲ့ပြီး၊ ၂၀၁၁တွင် ဦးစီးဌာနများ၏ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်း ညွှန်ကြားချက်အမှတ် ၁-၂ ကိုထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၇ တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အစိုးရဌာနများ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ ညွှန်ကြားချက်ကို ထပ်မံထုတ်ပြန်ခဲ့ပြီး ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ[20]ကို ၂၀၁၈ ခုနှစ်၊ မတ်လ(၁၃)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းသို့ ထုတ်ပြန်ခဲ့သော ဥပဒေနှင့်ညွှန်ကြားချက်များတွင် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီစေရန် ပြုပြင်ပြောင်းလဲမှုများ ပါဝင်ခဲ့သော်လည်း ဘတ်ဂျက်စီမံခန့်ခွဲမှုအခြေခံသဘောတရားမှာ များစွာ ပြောင်းလဲခြင်းမရှိပါ။ အစိုးရဘတ်ဂျက် ရေးဆွဲပုံအဆင့်ဆင့်[21]ဖြစ်သော ဘတ်ဂျက်ရေးဆွဲခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စစ်ဆေးသုံးသပ်ခြင်းများအတိုင်း နှစ်စဉ်ရငွေနှင့် အသုံးစရိတ် ဘတ်ဂျက်များကို သက်ဆိုင်ရာ အစိုးရဌာနများက ရေးဆွဲ၍ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာနက လွှတ်တော်သို့ တင်ပြခွင့်ပြုချက်ရယူခြင်း၊ ခွင့်ပြုချက် ရရှိပြီးသော ဘတ်ဂျက်သတ်မှတ်ချက်များအတိုင်း လုပ်ငန်းလျာထား

[15] Management of Researches
[16] Autonomous Universities
[17] Comprehensive Universities
[18] State budget and budgetary control system
[19] Sub-national budgets
[20] Union State Budget Law (2018)
[21] Budgetary Process

ချက်များ ပြည့်မီစေရန်နှင့် အသုံးစရိတ်များ ကျော်လွန်သုံးစွဲမှု မရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ပြင်ပစာရင်းစစ်၏ စစ်ဆေးမှုခံယူခြင်းတို့ဖြင့် ဆောင်ရွက်ရပါ သည်။

The Asia Foundation ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၏ အစိုးရဘတ်ဂျက်စနစ်ဖြင့် ကြီးကြပ်စီမံခန့်ခွဲထိန်းချုပ်သည့်စနစ်အပေါ် လေ့လာတင်ပြသည့်စာတမ်း[22]တစ်စောင်ကို ၂၀၁၇ ခုနှစ် တွင်ထုတ်ဝေခဲ့ပါသည်။ ယင်းစာတမ်းတွင် လက်ရှိဘတ်ဂျက်စနစ်၏ အားနည်းချက်များဖြစ်သည့် ဗဟို ချုပ်ကိုင်မှုလွန်ကဲခြင်း၊ အသေးစိတ်လွန်းခြင်း၊ ပြီးခဲ့သည့်ကာလအပေါ်အခြေခံ၍ရေးဆွဲခြင်း၊ တာဝန် ခံမှုနှင့် ဘဏ္ဍာငွေများအား အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းထက် သတ်မှတ်ထားသည့် ဘတ်ဂျက် ထက် အသုံးစရိတ်များအား ကျော်လွန်ဆောင်ရွက်ခြင်းမပြုစေရန် ချုပ်ကိုင်မှုလွန်ကဲခြင်းများကို ထောက်ပြခဲ့ပါသည်။

**၃(က)။ ရငွေနှင့်သုံးငွေများ**

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များရှိ ဘဏ္ဍာရေးစနစ်တွင် ရငွေစာရင်းနှင့် အသုံးစရိတ်စာရင်းဟူ၍ အဓိကစာရင်းအုပ်စုနှစ်စုရှိပြီး ရငွေစာရင်းတွင် သာမန်ရငွေနှင့် ငွေလုံး ငွေရင်းရငွေဟူ၍လည်းကောင်း၊ အသုံးစရိတ်စာရင်းတွင် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ဟူ၍လည်းကောင်း ထပ်မံခွဲခြားထားရှိပါသည်။ ငွေစာရင်းဌာနအနေဖြင့် ဘတ်ဂျက်များ ကိုသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးဆွဲတင်ပြခြင်း၊ ရငွေများကိုကောက်ခံခြင်း၊ ဘဏ်သို့ပေးသွင်းခြင်း၊ အသုံးစရိတ်များကို သတ်မှတ်လျာထားချက်ထက် မကျော်လွန်စေရန် အသုံး စရိတ်များကို အကျိုးရှိစွာ ထုတ်ယူသုံးစွဲခြင်းများ ပြုလုပ်ဆောင်ရွက်ရပါ သည်။

သာမန်ရငွေများတွင် ကျောင်းဝင်ကြေး၊ မှတ်ပုံတင်ကြေး၊ ကျောင်းလခ၊ စာမေးပွဲကြေး၊ အဆောင်ကြေးများ၊ အခြားရငွေ(ဥပမာ-ဆိုင်ခန်းငှားရမ်းခရငွေ၊ မြေငှားခရငွေ)များ ပါဝင်ပြီး ငွေလုံး ငွေရင်းရငွေများတွင် ပစ္စည်းများချို့ယွင်း၍ လေလံတင်ရောင်းချခြင်းမှ ရငွေများပါဝင်ပါသည်။ သာမန်အသုံးစရိတ်များတွင် လစာစရိတ်နှင့်ချီးမြင့်ငွေများ၊ ခရီးသွားလာစရိတ်များ၊ ပစ္စည်းဝယ်ယူမှု နှင့် လုပ်အားခများအတွက် ကုန်ကျစရိတ်များ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ လွှဲပြောင်းသုံးစွဲငွေများ၊ ဧည့်ခံကျွေးမွေးစရိတ်များ ပါဝင်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်များတွင် စက်ပစ္စည်းဝယ်ယူမှု၊ ပရိဘောဂပစ္စည်း၊ မော်တော်ယာဉ်ဝယ်ယူခြင်းနှင့် အဆောက်အဦးဆောက်လုပ်ခြင်းများ ပါဝင်ပါ သည်။

**၃(ခ)။ စာရင်းပြုစုထိန်းသိမ်းခြင်း**

အထက်ပါ ရငွေနှင့်အသုံးစရိတ်များကို ချမှတ်ထားသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ တက္ကသိုလ်များ၏ ငွေစာရင်းဌာနများက စနစ်တကျ ဆောင်ရွက်ရပါသည်။ အဆင့်မြင့်ပညာ ကဏ္ဍတွင်ရှိသော တက္ကသိုလ်များတွင်လည်း အခြားသောအစိုးရဌာနများနည်းတူ တက္ကသိုလ်၏ အသုံးစရိတ်များနှင့် ရငွေများအတွက် ကြိုတင်လျာထားချက်များရေးဆွဲခြင်း (Budget preparation)၊ ဦးစီးဌာနများနှင့် ဝန်ကြီးရုံးများသို့ အဆင့်ဆင့်တင်ပြ ခွင့်ပြုချက်ရယူခြင်း(Budget legislation)၊

[22] Renu Deshpande (2017), “Budget Monitoring and Oversight System in Myanmar”, Discussion Paper, The Asia Foundation

အတည်ပြုချက်ရရှိလာသောလုပ်ငန်းများနှင့် ဘတ်ဂျက်ခေါင်းစဉ်များအတိုင်း အကောင်အထည်ဖော်ကြီးကြပ်ခြင်း(Implementation)နှင့် အကောင်အထည်ဖော်ပြီးသောလုပ်ငန်းများနှင့် စာရင်းများအား အစိုးရစာရင်းစစ်၏ စစ်ဆေးမှုကိုခံယူခြင်း (Auditing) တို့ကို အဆင့်ဆင့် လုပ်ဆောင်ရပါသည်။

လိုအပ်သော အသုံးစရိတ်များအတွက် တက္ကသိုလ်က ဆောင်ရွက်မည့် စီမံကိန်းနှင့် လုပ်ငန်းများအလိုက် ရေးဆွဲတင်ပြရသောကြောင့် တက္ကသိုလ်အလိုက် ကျွမ်းကျင်သောဝန်ထမ်းနှင့် အမြင်ကျယ်သော ဦးဆောင်သူများရှိရန် လိုအပ်ပါသည်။ စာရင်းဇယားများအားလုံးကို ဌာနဆိုင်ရာ ငွေစာရင်းခေါင်းစဉ် ဌစ-၁ မှ ဌစ-၁၆ အထိ ခွဲခြား၍ ထိန်းသိမ်းဆောင်ရွက်ပါသည်။ လျာထားငွေစာရင်းဖွင့်လှစ်ခြင်းကဲ့သို့သော ဌစ-၁ သည် သက်ဆိုင်ရာဦးစီးဌာနကသာ ဆောင်ရွက်သောစာရင်းဖြစ်၍ တက္ကသိုလ်များတွင် ကိုင်တွယ်ဆောင်ရွက်ခြင်းမရှိပါ။ ကျန်ဌစများကိုအသုံးပြုပြီး ငွေထုတ်သူအရာရှိ(Drawing Officer)က ဦးဆောင်ထိန်းသိမ်း၍ သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတို့က ကြီးကြပ်သူအရာရှိ (Controlling Officer)အနေဖြင့် ဆောင်ရွက်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနကဲ့သို့သော အသုံးစရိတ်များမှာ သက်ဆိုင်ရာတက္ကသိုလ်များမှ တာဝန်ယူကြီးကြပ်၍ ငွေပေးချေမှုမှာ ဦးစီးဌာနမှ ဆောင်ရွက်ပါသည်။ အချို့သော ဌစစာရင်းများကို သက်ဆိုင်ရာဦးစီးဌာနနှင့် တက္ကသိုလ်တည်ရှိရာ စာရင်းစစ်ရုံးများသို့ ပေးပို့တင်ပြရပါသည်။ သို့ရာတွင် တက္ကသိုလ်အများစုဋ္ဌ ဘဏ္ဍာနှစ်ကုန်ဆုံး၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရာတွင် သက်ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ခွင့်ပြုမှသာလျှင် လွှဲပြောင်းသုံးစွဲခွင့်ရှိပါသည်။ အချို့သော ငွေစာရင်းခေါင်းစဉ်အုပ်စုများဖြစ်သည့် လစာနှင့်စရိတ်ကဲ့သို့သော ပိုလျှံငွေများမှာ သက်ဆိုင်ရာဦးစီးဌာနသို့ ပြန်လည်အပ်နှံရပါသည်။ လိုအပ်ချက်ရှိသော အချို့ငွေစာရင်းခေါင်းစဉ်များအတွက် ဦးစီးဌာနနှင့် ညှိနှိုင်း၍ ရယူရပါသည်။

**၃(ဂ)။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု(HRD)ငွေစာရင်း**

ပညာရေးဝန်ကြီးဌာနအောက်ရှိ အဆင့်မြင့်ပညာကျောင်းများအနေဖြင့် ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ရသောသင်တန်းအသီးသီးကို တက္ကသိုလ်အလိုက် အခြားငွေစာရင်း[23] ဖွင့်လှစ်ထားရှိ၍ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ အခြားငွေစာရင်း ဖွင့်လှစ်ထားရှိရခြင်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်းများအကောင်အထည်ဖော်ရာဋ္ဌ ထိရောက်လွယ်ကူမှုရှိစေရန်၊ လုပ်ငန်းသဘာဝအလိုက် အသုံးစရိတ်များကို အလွယ်တကူ ထုတ်ယူသုံးစွဲနိုင်စေရန်နှင့် အခါအားလျော်စွာ ပေါ်ပေါက်သောအသုံးစရိတ်များကို ထိရောက်လွယ်ကူစွာ သုံးစွဲနိုင်ရေးအတွက် ဖြစ်ပါသည်။ ယခင်အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၏ ၁၆-၁၁-၁၉၉၈ ရက်စွဲပါ စာအမှတ်၊ အဆင့်မြင့်/ စာရင်းပြု/ CHRD/ ၉၈(၂၂၂၄) အရ HRD စာရင်းကို နိုင်ငံတော်သို့ ရငွေအနေဖြင့် ၁၅%၊ လူ့စွမ်းအားအရင်းအမြစ်ဗဟိုဌာနနှင့် ဝန်ထမ်းသက်သာအဖွဲ့အစည်းများသို့ ၂၅% ပေးသွင်း၍ ကျန် ၆၀% ကို အခြားငွေစာရင်းဖွင့်လှစ်ထားရှိပြီး ဌာနဆိုင်ရာငွေစာရင်း ဌစ-၄ မှ ဌစ-၉ အထိ စာရင်းဇယားများကို ဖွင့်လှစ်ထားရှိ၍ သင်တန်းကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းထားရှိကာ ၎င်းတို့၏

[23] Other Account (OA)

ကြီးကြပ်မှုဖြင့် သုံးစွဲပြီး စာရင်းစစ်ဆေးမှုခံယူ၍ ထိန်းသိမ်းထားရှိပါသည်။ ၂၀၁၆ နှစ်ကုန်ပိုင်းမှ စတင်၍ နိုင်ငံတော်သို့ ၄၀% ပေးသွင်းပြီး ကျန်ငွေများကို သင်တန်းကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် သုံးစွဲခဲ့ပါသည်။ လက်ရှိအားဖြင့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့မှ ထုတ်ပြန်သောညွှန်ကြားချက်များအရ ၂၀၁၉၊ စက်တင်ဘာလကုန်တွင် ပိတ်သိမ်းရမည်ဖြစ်ပါသည်။

**၄။ လက်ရှိကျင့်သုံးနေသော ဘဏ္ဍာရေးစနစ်ကို စိစစ်လေ့လာခြင်း**

မြန်မာနိုင်ငံ အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအနေဖြင့် လက်ရှိဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် ချမှတ်ထားသည့်စနစ်အတိုင်း ရငွေနှင့် အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် အဆင်ပြေစွာ လက်တွေ့လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိ နှင့် တက္ကသိုလ်များ၏ လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအား လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုနိုင်ခြင်း ရှိ၊ မရှိ အကဲဖြတ်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ၊ အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များရှိ ဘဏ္ဍာငွေရှာဖွေ၊ သုံးစွဲရန် တာဝန်ယူထားသော စီမံ၊ ဘဏ္ဍာဌာနမှူးများ (သို့မဟုတ်) ဘဏ္ဍာရေးကျွမ်းကျင်နားလည်သော ဝန်ထမ်းအကြီးအကဲများအား လက်ရှိကျင့်သုံးနေသော ဘတ်ဂျက်အရ ဘဏ္ဍာငွေသုံးစွဲသည့်စနစ်နှင့် ပတ်သက်သည့် မေးခွန်းလွှာများဖြင့် ပေးပို့မေးမြန်းခဲ့ပါသည်။ အထက်ပါရည်ရွယ်ချက်များအပြင် ပြောင်းလဲလာသော ခေတ်ကာလစနစ်နှင့်အညီ တက္ကသိုလ်များ၏ တုံ့ပြန်ဆောင်ရွက်နိုင်မှုအပေါ် လက်ရှိဘဏ္ဍာရေးစနစ်၏ အထောက်အကူပြုနိုင်စွမ်းရှိ၊ မရှိနှင့် ယခုစနစ်အပြင် အခြားသင့်တော်သည့် ဘဏ္ဍာရေးစနစ် ပြောင်းလဲကျင့်သုံးရန်လိုအပ်မှု ရှိ၊ မရှိ သဘောထားအမြင်များကို ရယူရန် ရည်ရွယ်မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

**၄(က)။ အချက်အလက်ကောက်ယူခြင်း**

လက်ရှိအားဖြင့် အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်စုစုပေါင်း ၁၆၀ ကို အချက်အလက်ကောက်ယူရန်အတွက် မေးခွန်းလွှာ ပြုစု၍ အီးမေးလ်နှင့် ဖက်စ်များ အသုံးပြုပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်း ဆက်သွယ်ပေးပို့ မေးမြန်းခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့အထိ လက်ခံရရှိသော မေးခွန်းလွှာများအား စိစစ်၍ ပြည့်စုံမှုရှိသော မေးခွန်းလွှာများအရ သုတေသနပြုရာတွင် ဖော်ပြပါဇယား(၁) အတိုင်း အဆင့်မြင့်ပညာသင်ကျောင်းများ ပါဝင်ပါသည်။

ပေးပို့ခဲ့သော မေးခွန်းလွှာ စုစုပေါင်း ၁၆၀ စောင်တွင် ၁၃၆ စောင်ပြန်လည် လက်ခံရရှိခဲ့ သဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၅% ဖြစ်ပါသည်။ မေးခွန်းလွှာများကိုပြုစုရာတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ လက်ရှိ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်အရ အဆင့်ဆင့် ဆောင်ရွက်ရသော ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်း၊ ခွဲဝေခြင်း၊ သုံးစွဲခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းအပေါ် အခြေခံခဲ့ပါသည်။

ဇယား(၁)

လေ့လာဆန်းစစ်မှုတွင်ပါဝင်သော အဆင့်မြင့်ပညာသင်ကျောင်းများ အရေအတွက်

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ | အရေအတွက် |
|---|---|---|
| ၁ | ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်ဆိုင်ရာများ | ၃၉ |
| ၂ | သစ်တော၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး | ၂ |
| ၃ | ကွန်ပျူတာတက္ကသိုလ်များ | ၂၂ |
| ၄ | စီးပွားရေးပညာ | ၇ |
| ၅ | ဆရာအတတ်သင်ပညာရေး | ၂၅ |
| ၆ | ဘာသာ၊ ယဉ်ကျေးမှုနှင့်အနုပညာ | ၃ |
| ၇ | ဆေးနှင့် နီးနွယ်ပညာရပ် | ၁၀ |
| ၈ | အင်ဂျင်နီယာနှင့် နည်းပညာ | ၂၈ |
| | စုစုပေါင်း | ၁၃၆ |

ထို့အပြင် ကောင်းမွန်သော ဘတ်ဂျက်တစ်ခု၏ အခြေခံသဘောတရားများဖြစ်သည့် ရေရှည်ရည်မှန်းချက်နှင့်ကိုက်ညီမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူ၊ တာဝန်ခံမှုရှိခြင်း၊ ပြည့်စုံပြီးသက်ဆိုင်သူများအားလုံး ပါဝင်ခွင့်ရှိခြင်း၊ ခေတ်အခြေအနေနှင့် လိုက်ပါပြောင်းလဲကျင့်သုံးနိုင်မှုရှိခြင်း၊ ကြီးကြပ်မှုနှင့်ထိန်းချုပ်မှုရှိခြင်း၊ စစ်ဆေးမှုနှင့် ပြန်လည်သုံးသပ်ပြင်ဆင်မှုရှိခြင်း စသည့် သဘောတရားများကိုလည်း အခြေခံ၍ပြုစုခဲ့ပါသည်။ မေးမြန်းခဲ့သော ဖော်ပြချက် (Statement) တစ်ခုချင်းအလိုက် အမှတ်ပေးစနစ်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

၁ = အလွန်သဘောမတူပါ။

၂ = သဘောမတူပါ။

၃ = မပြောတတ်ပါ ။

၄ = သဘောတူသည်။

၅ = အလွန်သဘောတူသည်။

မေးမြန်းခဲ့သည့် မေးခွန်းလွှာတွင် မေးခွန်းအရေအတွက်ပေါင်း ၆၅ ပါဝင်ပါသည်။ မေးခွန်းများကို အကြမ်းဖျင်းအားဖြင့် အုပ်စုများခွဲခြားပြီး မေးမြန်းခဲ့သော်လည်း အုပ်စုခွဲခြားမှုမှန်ကန်စေရေးနှင့် သာမန်အားဖြင့် မမြင်နိုင်သည့် အကြောင်းအရာများ ဖော်ထုတ်ရန်အတွက် စာရင်းအင်းပညာနည်းလမ်းတစ်ခုဖြစ်သော Exploratory Factor Analysis technique ကို အသုံးပြု၍ အုပ်စုများဖွဲ့စည်းခဲ့ပါသည်။ ဖွဲ့စည်းခဲ့သည့် မေးခွန်းအုပ်စုများ၏ ကျိုးကြောင်းဆက်စပ်မှု (Validity) နှင့် ယုံကြည်စိတ်ချနိုင်မှု (Reliability)ကို သိရှိနိုင်ရန် Cronbach's alpha အတိုင်းအတာအရ စစ်ဆေးစိစစ်ခဲ့ပါသည်။ ရရှိသည့် မေးခွန်းအုပ်စုများနှင့်တိုင်းတာရရှိသည့် Cronbach's alpha တန်ဖိုးများကို ဇယား(၂)တွင် ဖော်ပြထားပါသည်။

ဇယား(၂)

ဘတ်ဂျက် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် Cronbach's alpha

| စဉ် | အကြောင်းအရာ | မေးခွန်းအရေအတွက် | Cronbach's alpha |
|---|---|---|---|
| ၁ | ဘတ်ဂျက်လျာထား၊ ခွဲဝေရရှိခြင်း | | |
| | (က) ဘတ်ဂျက်လျာထားပြင်ဆင်ခြင်း | ၉ | ၀.၇၂ |
| | (ခ) ဘတ်ဂျက် ခွဲဝေရရှိခြင်း | ၈ | ၀.၇၆ |
| ၂ | အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | |
| | (က) လွတ်လပ်စွာ သုံးစွဲခွင့်ရှိခြင်း | ၁၀ | ၀.၇၉ |
| | (ခ) လုံခြုံစိတ်ချမှုရှိခြင်း | ၆ | ၀.၆၅ |
| | (ဂ)ပစ္စည်းဝယ်ယူမှုအပေါ်ငွေပေးချေခြင်း | ၃ | ၀.၅၀ |
| ၃ | စာရင်းစစ်ဆေးခြင်း | ၇ | ၀.၈၅ |
| ၄ | ပြန်လည်သုံးသပ်ခြင်း | | |
| | (က) လက်ရှိစနစ်အပေါ်သုံးသပ်ခြင်း | ၁၁ | ၀.၈၅ |
| | (ခ) တာဝန်ခံမှုရှိခြင်း | ၅ | ၀.၅၁ |
| | (ဂ) စနစ်အသစ်အစားထိုးရန်လိုအပ်ခြင်း | ၃ | ၀.၆၁ |
| | (ဃ ) ကူညီထောက်ပံ့ငွေနှင့်ချေးယူသုံးစွဲခြင်း | ၃ | ၀.၇၇ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

အထက်ပါဇယားအရ Cronbach's alpha တန်ဖိုးများကို ကြည့်လျှင် မေးခွန်းအရေအတွက် ပါဝင်မှု နည်းသောအုပ်စုအချို့မှအပ ကျန်အုပ်စုများတွင် အနည်းဆုံးလက်ခံနိုင်သည့် တန်ဖိုးထက် ကျော်လွန်ကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ အကြောင်းအရာအုပ်စုအလိုက် ဖော်ပြချက်တစ်ခုစီ အတွက် ဖြေဆိုသူများ၏ သဘောထားအမြင်အား တစ်ဖက်ပါအတိုင်း ဆက်လက်စိစစ်တင်ပြပါမည်။

**၄(ခ)။ ဘတ်ဂျက်လျာထား ခွဲဝေရရှိခြင်း**

ဘတ်ဂျက်လျာထားမှုနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ရာတွင် ရရှိသည့် အချိန်အတိုင်း အတာ၊ ကျွမ်းကျင်ဝန်ထမ်း၊ ရငွေ၊ သုံးငွေဆိုင်ရာ လျာထားရေးဆွဲမှုတို့အရ မေးခွန်းဖော်ပြချက် (၉)ခုဖြင့် မေးမြန်းခဲ့ရာ ဖြေဆိုသူများ၏ သဘောထားအမြင်ကို ဇယား(၃)တွင် တွေ့နိုင်ပါသည်။

ဇယား(၃)

ဘတ်ဂျက်လျာထားခြင်းအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ရငွေ၊ သုံးငွေဆိုင်ရာ လျာထားစာရင်း | ၁.၄၇ | ၁၆.၉၁ | ၃.၆၈ | ၇၅.၀၀ | ၂.၉၄ |

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| | ရေးဆွဲရန် အချိန်လုံလောက်စွာရသည်။ | | | | | |
| ၂ | လျာထားစာရင်းရေးဆွဲရန် ကျွမ်းကျင် ဝန်ထမ်း လုံလောက်စွာရှိသည်။ | ၇.၃၅ | ၄၄.၈၅ | ၄.၄၁ | ၃၉.၇၁ | ၃.၆၈ |
| ၃ | ရငွေလျာထားစာရင်းကို အမှန်ရမည့် ပမာဏအတိုင်း တိကျစွာရေးဆွဲနိုင်သည်။ | ၁.၄၇ | ၆၁.၀၃ | ၁၆.၁၈ | ၁၉.၈၅ | ၁.၄၇ |
| ၄ | သုံးငွေလျာထားစာရင်းကို အမှန်သုံးမည့် ပမာဏအတိုင်း တိကျစွာရေးဆွဲနိုင်သည်။ | ၁.၄၇ | ၅၆.၆၂ | ၁၁.၇၆ | ၃၀.၁၅ | ၀.၀၀ |
| ၅ | ရငွေဆိုင်ရာစာရင်းခေါင်းစဉ်များသည် ရငွေအားလုံးကို အကျုံးဝင်စေသည်။ | ၀.၀၀ | ၁၀.၂၉ | ၁၀.၂၉ | ၇၇.၂၁ | ၂.၂၁ |
| ၆ | သုံးငွေဆိုင်ရာစာရင်းခေါင်းစဉ်များသည် သုံးငွေအားလုံးကို အကျုံးဝင်စေသည်။ | ၀.၀၀ | ၁၉.၈၅ | ၇.၃၅ | ၆၈.၃၈ | ၄.၄၁ |
| ၇ | အမှန်လိုအပ်သည့် သုံးစွဲမည့်ငွေအားလုံးကို လျာထားရေးဆွဲနိုင်သည်။ | ၀.၀၀ | ၃၀.၁၅ | ၅.၈၈ | ၅၉.၅၆ | ၄.၄၁ |
| ၈ | အရေးပေါ်လိုအပ်ပါက အလွယ်တကူ ထပ်မံလျာထားတောင်းခံနိုင်သည်။ | ၆.၆၂ | ၃၁.၆၂ | ၁၁.၀၃ | ၄၈.၅၃ | ၂.၂၁ |
| ၉ | ဘဏ္ဍာရေးဆိုင်ရာဝန်ထမ်းတို့သည် အခက်အခဲမရှိ လျာထားရေးဆွဲနိုင်သည်။ | ၃.၆၈ | ၄၉.၅၉ | ၅.၁၅ | ၄၃.၃၈ | ၂.၂၁ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

ဇယား(၃)အရ လျာထားသတ်မှတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ရမှုအပေါ် သဘော ထားအမြင် ကောက်ယူရာတွင် ရငွေ၊ သုံးငွေများကို ကြိုတင်ရေးဆွဲရန် အချိန်လုံလောက်မှုရှိသည် ဟူသော ဖော်ပြချက်အပေါ် သဘောတူသူ ၇၅% ရှိသောကြောင့် အချိန်နှင့်ပတ်သက်၍ အခက်အခဲ မရှိကြောင်း တွေ့မြင်နိုင်ပါသည်။ လျာထားဘတ်ဂျက်စာရင်းရေးဆွဲရန် ကျွမ်းကျင်ဝန်ထမ်း လုံလောက်မှုရှိသည် ဆိုသည့် ဖော်ပြချက်အပေါ်တွင် သဘောမတူသူအများဆုံး ၄၄.၈၆% ရှိသောကြောင့် ကျွမ်းကျင် ဝန်ထမ်းများ လုံလောက်မှုမရှိသည်ကို တွေ့မြင်ရပါမည်။ သို့ရာတွင် အဆိုပါအချက်ကိုပင် သဘောတူသူ ၃၉.၇၁% ရှိသောကြောင့် အချို့သောတက္ကသိုလ်၊ ကောလိပ်များတွင် ကျွမ်းကျင် ဝန်ထမ်းလုံလောက်မှု ရှိနေကြောင်း တွေ့မြင်နိုင်ပါသည်။ ရငွေလျာထားချက်ကို အမှန်တကယ် ရရှိမည့်အတိုင်း တိကျစွာရေးဆွဲနိုင်သည်၊ သုံးငွေလျာထားချက်ကို အမှန်တကယ် ကုန်ကျမည့်အတိုင်း တိကျစွာရေးဆွဲနိုင်သည်ဟူသော ဖော်ပြချက်များအပေါ် သဘောမတူသူ ၆၁.၀၃% နှင့် ၅၆.၆၂% အသီးသီးဖြင့် အများဆုံးရှိနေခြင်းကြောင့် ရငွေ၊ သုံးငွေများကို အမှန်ပေါ်ပေါက်မည့်အတိုင်း ခန့်မှန်း လျာထားရေးဆွဲရာတွင် တိကျစွာ ခန့်မှန်းနိုင်မှု အားနည်းနေကြောင်း တွေ့မြင်ရပါမည်။ တနည်း အားဖြင့် ဘတ်ဂျက်ခန့်မှန်းရေးဆွဲမှုပမာဏနှင့် အမှန်တကယ်ရရှိငွေ သို့မဟုတ် အသုံးစရိတ် ပမာဏ

များ ကွဲလွဲနိုင်ကြောင်း တွေ့ရပါသည်။ သို့ရာတွင် ရငွေစာရင်းခေါင်းစဉ်များသည် ရငွေအားလုံးကို အကျုံးဝင်စေပြီး သုံးငွေစာရင်းခေါင်းစဉ်များသည် သုံးငွေအားလုံးကို အကျုံးဝင်စေသည်ဆိုသည့် ဖော်ပြချက်များကို သဘောတူသူ ၇၇.၂၁% နှင့် ၆၈.၃၈% ရှိသောကြောင့် စာရင်းခေါင်းစဉ်များ သတ်မှတ်ရေးဆွဲရာတွင် လိုအပ်ချက်အတိုင်း သတ်မှတ်ရေးဆွဲနိုင်ကြောင်း တွေ့ရပါသည်။ အမှန် လိုအပ်သော သုံးစွဲမည့်ငွေအားလုံးကို လျာထားရေးဆွဲနိုင်သည်ဟူသည့် ဖော်ပြချက်အပေါ် သဘောတူ သူ ၅၉.၅၆%ဖြင့် အများဆုံးရှိသောကြောင့် တက္ကသိုလ်၏ လိုအပ်ချက်များကို ဖော်ပြ တောင်းခံရန် များသောအားဖြင့် အခက်အခဲမရှိကြောင်း တွေ့မြင်ရပါသည်။ သို့ရာတွင် အဆိုပါ ဖော်ပြချက်ကို သဘောမတူသူ ဒုတိယအများဆုံး ၃၀.၁၅% ရှိနေသောကြောင့် အချို့သောတက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ်များတွင် အခက်အခဲရှိနိုင်ကြောင်း တွေ့မြင်ရပါသည်။ ထိုနည်းတူစွာ အရေးပေါ်လိုအပ်ပါက အလွယ်တကူထပ်မံ လျာထားတောင်းခံနိုင်သည် ဟူသည့် ဖော်ပြချက်အပေါ် သဘောတူသူ အများဆုံး ၄၈.၅၃% နှင့် သဘောမတူသူ ဒုတိယအများဆုံး ၃၁.၆၂% ရှိသောကြောင့် တက္ကသိုလ်တစ်ခုနှင့်တစ်ခု မတူညီကြောင်း တွေ့ရှိရပြီး ဝန်ကြီးဌာန မတူသော တက္ကသိုလ်များ ပါဝင်နေသောကြောင့် ဝန်ကြီးဌာနအလိုက် ကြီးကြပ်မှုကွာခြားခြင်းကြောင့်လည်း ဖြစ်နိုင်သည်ဟု ကောက်ချက်ချရပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ဝန်ထမ်းများသည် အခက်အခဲမရှိ လျာထားရေးဆွဲ နိုင်သည်ဆိုသည့် ဖော်ပြချက်နှင့် ပတ်သက်၍ သဘောမတူပါဆိုသူ ၄၉.၅၉% ဖြင့် အများဆုံးဖြစ်ပြီး သဘောတူပါသည်ဟု ဖြေဆိုသူ ၄၃.၃၈% ဖြင့် ဒုတိယအများဆုံး ဖြစ်နေသောကြောင့် တက္ကသိုလ်များ အကြား ကျွမ်းကျင်ဘဏ္ဍာရေး ဝန်ထမ်းရှိမှု ကွဲပြားခြားနားချက် ရှိနေကြောင်း တွေ့မြင်ရပါသည်။

တင်ပြခဲ့သော လျာထားဘတ်ဂျက်အပေါ် ခွဲဝေရရှိမှုအနေဖြင့် ဖြေဆိုသူများ၏ သဘောထား အမြင်မှာ ဇယား(၄)အတိုင်း တွေ့မြင်ရမည် ဖြစ်ပါသည်။ ဇယား(၄)အရ ရငွေများကို ခွဲဝေချထား ပေးရာတွင် အများအားဖြင့် တင်ပြသောဘတ်ဂျက်အတိုင်း ခွဲဝေချထားပေးသည်ကို တွေ့မြင်ရ ပါသည်။ သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ခွဲဝေချထားပေးရာတွင် လျာထားချက်အတိုင်း ခွဲဝေပေးပါသည်ဟူသည့် အချက်ကို သဘောတူသူ ၅၃.၆၈% နှင့် ၄၁.၉၁% အသီးသီးရှိပြီး သဘောမတူသူမှာလည်း ၃၀.၈၈% နှင့် ၄၀.၄၄% အသီးသီး ရှိနေသောကြောင့် တက္ကသိုလ်တစ်ခုနှင့် တစ်ခုအကြားကွဲပြားမှုရှိနေသည်ကို တွေ့ရှိရပါသည်။

ဇယား(၄)

ဘတ်ဂျက်ခွဲဝေရရှိမှုအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ရငွေများအတွက်ခွဲဝေရာတွင် လျာထားချက်အတိုင်း ခွဲဝေပေးပါသည်။ | ၁.၄၇ | ၁၄.၇၁ | ၄.၄၁ | ၇၂.၇၉ | ၆.၆၂ |
| ၂ | သာမန်အသုံးစရိတ်များအတွက် ခွဲဝေရာတွင် လျာထားချက်အတိုင်းခွဲဝေပေးပါသည်။ | ၃.၆၈ | ၃၀.၈၈ | ၆.၆၂ | ၅၃.၆၈ | ၅.၁၅ |

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၃ | ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် လျာထားချက်အတိုင်းခွဲဝေပေးပါသည်။ | ၄.၄၁ | ၄၀.၄၄ | ၉.၅၆ | ၄၁.၉၁ | ၃.၆၈ |
| ၄ | လျာထားချက် ငွေစာရင်း ခေါင်းစဉ်များ အတိုင်း ခွဲဝေချထားပေးပါသည်။ | ၂.၂၁ | ၁၉.၈၅ | ၅.၁၅ | ၆၆.၁၈ | ၆.၆၂ |
| ၅ | ငွေလုံးငွေရင်း အသုံးစရိတ်များကို လျာထား ချက်အတိုင်းမရပါကကြိုတင်သိရှိနိုင်သည်။ | ၄.၄၁ | ၄၂.၆၅ | ၁၃.၂၄ | ၃၆.၀၃ | ၃.၆၈ |
| ၆ | ခွဲဝေမှုတွင်မပါဝင်သော အသုံးစရိတ်များကို အလွယ်တကူထပ်မံတောင်းခံနိုင်ပါသည်။ | ၅.၈၈ | ၄၇.၀၆ | ၈.၈၂ | ၃၇.၅ | ၀.၇၄ |
| ၇ | လျာထားချက်တွင် မပါဝင်သော်လည်း လို အပ် ချက်အရခွဲဝေပေးမှုရှိနိုင်ပါသည်။ | ၀.၇၄ | ၁၆.၉၁ | ၂၂.၇၉ | ၅၈.၀၉ | ၁.၄၇ |
| ၈ | လျော့နည်း ခွဲဝေသည့်အသုံးစရိတ်ကို ခေါင်းစဉ် အလိုက်လျော့ချမှုအား ရှင်းပြ သည်။ | ၇.၃၅ | ၄၁.၉၁ | ၁၅.၄၄ | ၃၃.၈၂ | ၁.၄၇ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

သို့ရာတွင် လျာထားချက်စာရင်းခေါင်းစဉ်များအတိုင်းသာ ခွဲဝေပေးသည်ဆိုသည့် အချက်ကို သဘောတူသူ ၆၆.၁၈% ရှိသောကြောင့် အများအားဖြင့် ဘတ်ဂျက်ခွဲဝေရာတွင် လျာထားတင်ပြသော ခေါင်းစဉ်များနှင့်အညီ ခွဲဝေပေးသည်ကို တွေ့ရပါမည်။ ငွေလုံးငွေရင်း အသုံးစရိတ်များကို လျာထား ချက်အတိုင်းမရပါက ကြိုတင်သိရှိနိုင်သည်ဟူသည့် ဖော်ပြချက်ကို သဘောမတူသူ ၄၂.၆၅% သဘောတူသူ ၃၆.၀၃% ရှိသောကြောင့် ခွဲဝေပေးမည့် ဘတ်ဂျက်အပေါ် ခန့်မှန်းနိုင်မှုသည် တက္ကသိုလ် တစ်ခုနှင့်တစ်ခုအကြား ကွဲပြားမှုရှိသည်ကို တွေ့ရပါသည်။ အလားတူစွာပင် ခွဲဝေသော ဘတ်ဂျတ်တွင် မပါဝင်သော်လည်း အလွယ်တကူ ထပ်မံတောင်းခံနိုင်သည်ဟူသည့် ဖော်ပြချက်အပေါ် သဘော မတူသူ ၄၇.၀၆% နှင့် သဘောတူသူ ၃၇.၅% ရှိသောကြောင့် ယင်းအချက်တွင်လည်း တက္ကသိုလ် တစ်ခုနှင့်တစ်ခုအကြား ကွဲပြားမှုရှိနေပါသည်။ လျာထားချက်တွင်မပါဝင်သော်လည်း လိုအပ်ချက် အရခွဲဝေပေးမှု ရှိနိုင်သည်ဆိုသည့်အချက်ကို သဘောတူသည်ဟု ဖြေဆိုသူ ၅၈.၀၉% ဖြင့် အများဆုံး ဖြစ်သောကြောင့် အချို့သောဘတ်ဂျတ်များသည် လျာထားတောင်းခံသည့်အထဲတွင် မပါသော်လည်း လိုအပ်ချက်နှင့် မူဝါဒအရ ခွဲဝေချပေးနိုင်သည်ကိုလည်း တွေ့ရှိရပါသည်။ လျော့နည်း ခွဲဝေသည့် အသုံးစရိတ်အပေါ် ခေါင်းစဉ်အလိုက် လျော့ချထားမှုအား ရှင်းပြသည်ဆိုသည်အချက်ကို သဘော မတူသူ ၄၁.၉၁% နှင့် သဘောတူသူ ၃၃.၈၂% ရှိသောကြောင့် ယင်းအချက်တွင်လည်း တက္ကသိုလ် တစ်ခုနှင့်တစ်ခုအကြား မတူညီမှုရှိသည်ကို တွေ့မြင်ရပါသည်။

**၄(ဂ)။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

ရရှိလာသောဘတ်ဂျက်အရ အကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းတွင် ပိုင်းခြားခွဲခြားမှု အရလွတ်လပ်စွာသုံးစွဲခွင့်ရှိခြင်း၊ လုံခြုံစိတ်ချရမှုရှိခြင်းနှင့် ပစ္စည်းဝယ်ယူမှုအပေါ် ငွေပေးချေခြင်းတို့ ပါဝင်ပါသည်။ ဦးစွာပထမ ငွေကြေးသုံးစွဲရာတွင် လွတ်လပ်စွာသုံးစွဲခွင့် ရှိ၊ မရှိ အပိုင်းကို ဇယား(၅)တွင် ဖော်ပြထားပါသည်။

ဇယား(၅)အရ သာမန်အသုံးစရိတ်ခွဲဝေမှုများထဲတွင် မပါဝင်သော်လည်း စိုက်ထုတ် သုံးစွဲခွင့် ရှိသည်ဟူသည့် ဖော်ပြချက်အပေါ် အလွန်သဘောမတူသူ ၁၃.၉၇% နှင့် သဘောမတူသူ ၅၅.၁၅%၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွဲဝေမှုများထဲတွင် မပါဝင်သော်လည်း စိုက်ထုတ်သုံးစွဲခွင့်ရှိသည်ဟူသည့် ဖော်ပြချက်အပေါ် အလွန်သဘောမတူသူ ၃၀.၁၅%နှင့် သဘောမတူသူ ၅၃.၆၈% ရှိသောကြောင့် တက္ကသိုလ်များတွင် ဘတ်ဂျက်ခွဲဝေမှုတွင်မပါဝင်သည့် အသုံးစရိတ်များကို အများအားဖြင့် စိုက်ထုတ် အသုံးပြုခွင့်မရှိကြောင်း မြင်တွေ့ရပါသည်။ တက္ကသိုလ်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ငွေစာရင်း ခေါင်းစဉ်များ ပြောင်းလဲကျင့်သုံးနိုင်သည်ဟူသည့်အချက်ကို အလွန်သဘောမတူသူ ၁၄.၇၁% နှင့် သဘောမတူသူ ၄၉.၂၆% ရှိသည်ကိုတွေ့ရသောကြောင့် တက္ကသိုလ်များတွင် စာရင်းခေါင်းစဉ်ကို ပြောင်းလဲသုံးစွဲခွင့်မရှိ ဟူသည့်အချက်ကို တွေ့မြင်ရပါသည်။ ငွေလုံး၊ ငွေရင်း ပစ္စည်းစာရင်း ဝယ်ယူရာတွင် တက္ကသိုလ်၏ဆုံးဖြတ်ချက်ဖြင့် ဝယ်ယူနိုင်သည်ဟူသည့် အချက်ကို အလွန်သဘော မတူသူ ၂၂.၇၉% နှင့် သဘောမတူသူ ၅၅.၁၅% ရှိခြင်းက တက္ကသိုလ်အများစုတွင် ငွေလုံး၊ ငွေရင်း ပစ္စည်းများကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဝယ်ယူနိုင်ခြင်းမရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ဇယား(၅)

လွတ်လပ်စွာသုံးစွဲခွင့်ရှိခြင်းအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | သာမန်အသုံးစရိတ် လျာထားမှုတွင် မပါသော် လည်း စိုက်ထုတ် သုံးစွဲခွင့်ရှိသည်။ | ၁၃.၉၇ | ၅၅.၁၅ | ၁၁.၇၆ | ၁၇.၆၅ | ၁.၄၇ |
| ၂ | ငွေလုံးအသုံးစရိတ်လျာထားမှုတွင် မပါသော်လည်း စိုက်ထုတ်သုံးစွဲခွင့်ရှိသည်။ | ၃၀.၁၅ | ၅၃.၆၈ | ၁၁.၀၃ | ၅.၁၅ | ၀.၀၀ |
| ၃ | တက္ကသိုလ်၏ ဆုံးဖြတ်ချက်ဖြင့် စာရင်းခေါင်းစဉ်များ ပြောင်းလဲသုံးစွဲနိုင်သည်။ | ၁၄.၇၁ | ၄၉.၂၆ | ၅.၁၅ | ၂၄.၂၆ | ၆.၆၂ |
| ၄ | ငွေလုံးဖြင့်ပစ္စည်းဝယ်ယူရာတွင်တက္ကသိုလ်၏ ဆုံးဖြတ်ချက်ဖြင့် ဝယ်ယူနိုင်သည်။ | ၂၂.၇၉ | ၅၅.၁၅ | ၃.၆၈ | ၁၅.၄၄ | ၂.၉၄ |
| ၅ | လျာထားချက်များထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အလွယ်တကူ သုံးစွဲနိုင်သည်။ | ၂၀.၅၉ | ၆၉.၁၂ | ၄.၄၁ | ၄.၄၁ | ၁.၄၇ |

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | အမှန်လိုအပ်၍ ဝယ်ယူလိုပါက အခြား စာရင်းမှ ထပ်မံသုံးစွဲခွင့်ပြုထား သည်။ | ၁၁.၇၆ | ၆၀.၂၉ | ၈.၈၂ | ၁၈.၃၈ | ၀.၇၄ |
| ၇ | လုပ်ငန်းအတွက် အရေးပေါ်လိုအပ်ပါက ကြိုတင်ဝယ်ယူသုံးစွဲခွင့်ပြုပါသည်။ | ၇.၃၅ | ၄၁.၉၁ | ၁၃.၉၇ | ၃၅.၂၉ | ၁.၄၇ |
| ၈ | သာမန်အသုံးစရိတ်ကို ထုတ်ယူပြီး အချိန် ကာလ တစ်ခုအထိ လက်ဝယ်ထားနိုင် သည်။ | ၁၉.၁၂ | ၅၈.၈၂ | ၂.၂၁ | ၁၉.၁၂ | ၀.၇၄ |
| ၉ | ငွေလုံးအသုံးစရိတ်ကို ထုတ်ယူပြီး အချိန် ကာလ တစ်ခုအထိ လက်ဝယ်ထားနိုင် သည်။ | ၂၇.၉၄ | ၆၇.၆၅ | ၀.၇၄ | ၃.၆၈ | ၀.၀၀ |
| ၁၀ | ပစ္စည်းဝယ်ယူရန် ငွေကိုကြိုတင်ထုတ်ယူ ၍ ဝယ်နိုင်သည်။ | ၁၆.၁၈ | ၅၉.၅၆ | ၂.၉၄ | ၂၁.၃၂ | ၀.၀၀ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

လျာထားချက်များထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အလွယ်တကူသုံးစွဲနိုင်သည်ဟူသည့် ဖော်ပြချက်ကို အလွန်သဘောမတူသူ ၂၀.၅၉%နှင့် သဘောတူသူ ၆၉.၁၂% ရှိခြင်းက တက္ကသိုလ်များတွင် ဘတ်ဂျက်လျာထားချက်ထက်ကျော်လွန်သုံးစွဲရန် မလွယ်ကူကြောင်း တွေ့ရှိရပါသည်။ ထိုနည်းတူ အမှန်လိုအပ်၍ ဝယ်ယူလိုပါက အခြားစာရင်းမှ ထပ်မံသုံးစွဲခွင့် ပြုထားသည်ဆိုသည့် ဖော်ပြချက်ကို အလွန်သဘောမတူသူ ၁၁.၇၆% နှင့် သဘောမတူသူ ၆၀.၂၉% ရှိခြင်း၊ လုပ်ငန်းအတွက် အရေးပေါ်လိုအပ်ပါက ကြိုတင်ဝယ်ယူသုံးစွဲခွင့်ပြုသည်ဟူသည့် အချက်ကို အလွန်သဘောမတူသူ ၇.၃၅% နှင့် သဘောမတူဟုဖြေဆိုသူ ၄၁.၉၁% ရှိခြင်းကလည်း ဘတ်ဂျတ်အရ အသုံးစရိတ်များကို ပိုမိုမသုံးစွဲနိုင်ရန် ထိန်းချုပ်မှု (Control) အားကောင်းပြီး ပြောင်းလဲလာသည့် အခြေအနေအရ လိုအပ်သလို တုံ့ပြန်နိုင်စွမ်း (Flexibility) ပိုင်းတွင် အားနည်းမှု ရှိသည်ကို တွေ့မြင်ရပါသည်။

သို့ရာတွင် အဆိုပါဖော်ပြချက်ကိုပင် သဘောတူသည်ဟု ဖြေဆိုသူ ၃၅.၂၉% ရှိခြင်းကလည်း အချို့တက္ကသိုလ်များတွင် ပိုမို၍ လွတ်လပ်စွာတုံ့ပြန်ဆောင်ရွက်နိုင်ခွင့်ရှိသည်ကို တွေ့မြင်ရပါသည်။ သာမန်အသုံးစရိတ်များကို ထုတ်ယူပြီး အချိန်အတိုင်းအတာတစ်ခုထိ လက်ဝယ်ထားနိုင်သည်ဟု ဖော်ပြချက်ကို အလွန်သဘော မတူသူ ၁၉.၁၂% နှင့် သဘောမတူသူ ၅၈.၈၂% ရှိခြင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်များကိုထုတ်ယူပြီး အချိန်အတိုင်းအတာတစ်ခုထိ လက်ဝယ်ထားနိုင်သည်ဟူသော ဖော်ပြချက်ကို အလွန်သဘောမတူသူ ၂၇.၉၄% နှင့် သဘောမတူသူ ၆၇.၆၅% ရှိခြင်းကလည်း ဘတ်ဂျက်စနစ်၏ ထိန်းချုပ်မှု အားကောင်းခြင်းကို ပိုမိုပေါ်လွင်ပါသည်။ ပစ္စည်းဝယ်ယူရန် ငွေကို ကြိုတင်ထုတ်ယူ၍ ဝယ်ယူနိုင်သည်ဆိုသည့် ဖော်ပြချက်ကို အလွန်သဘောမတူသူ ၁၆.၆၈%၊

သဘောမတူသူ ၅၉.၅% ရှိခြင်းကလည်း တက္ကသိုလ်အများစုတွင် လိုအပ်သောပစ္စည်းများအတွက် ဝယ်ယူသူက ကြိုတင်စိုက်ထုတ် ဝယ်ယူရပြီး အဝယ်ဘောင်ချာတင်ပြပြီးမှ ပြန်ထုတ်ယူရသောစနစ် ကို ကျင့်သုံးလျက်ရှိကြောင်း တွေ့ရပါသည်။ လက်ရှိစနစ်အရ အသုံးစရိတ်များသုံးစွဲရာတွင် လုံခြုံ စိတ်ချရမှုရှိခြင်းအပေါ် သဘောထားအမြင်ကို ဇယား(၆)တွင် တွေ့မြင်နိုင်ပါသည်။

ဇယား(၆)

ဘတ်ဂျက်သုံးစွဲရာတွင်လုံခြုံစိတ်ချရမှုရှိခြင်းအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ခွဲဝေချပေးသော ရငွေများသည် အမှန်တကယ် ရသည့်ရငွေနှင့်တူညီရမည်။ | ၇.၃၅ | ၅၇.၃၅ | ၁၃.၂၄ | ၁၉.၈၅ | ၂.၂၁ |
| ၂ | ခွဲဝေချပေးသော သာမန်အသုံးစရိတ်သည် အမှန်သုံးစွဲသည့်စရိတ်နှင့်တူညီရမည်။ | ၀.၇၄ | ၂၂.၇၉ | ၃.၆၈ | ၆၆.၁၈ | ၆.၆၂ |
| ၃ | ခွဲဝေပေးသော ငွေလုံးငွေရင်းအသုံးစရိတ် သည် အမှန်သုံးစွဲသည့်စရိတ်နှင့် တူညီရ မည်။ | ၀.၇၄ | ၂၂.၀၆ | ၄.၄၁ | ၆၅.၄၄ | ၇.၃၅ |
| ၄ | ရငွေ၊သုံးငွေနှင့်ပတ်သက်ပြီး မသမာမှု မဖြစ်စေရန် ထိန်းချုပ်ရာတွင် အခက်အခဲ မရှိပါ။ | ၁.၄၇ | ၂.၉၄ | ၇.၃၅ | ၇၉.၄၁ | ၈.၈၂ |
| ၅ | လက်ရှိစနစ်သည် မသမာမှုမဖြစ်စေရန် ထိန်းကြောင်းပေးနိုင်သည်ဟု ယူဆသည်။ | ၀.၀၀ | ၇.၃၅ | ၁၆.၁၈ | ၇၁.၃၂ | ၅.၁၅ |
| ၆ | ရငွေများကို ဘဏ်သို့နေ့ခြင်းပေးသွင်းရန် အခက်အခဲမရှိပဲ ဆောင်ရွက်နိုင်သည်။ | ၂.၉၄ | ၃၃.၀၉ | ၂.၂၁ | ၅၂.၉၄ | ၈.၈၂ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

ဇယား(၆)အရ ရငွေများကောက်ခံရာတွင် ခွဲဝေသတ်မှတ်ထားသည်နှင့် အမှန် ကောက်ခံရငွေ တူညီမှုရှိရမည်ဟူသောအချက်ကို သဘောမတူသူ ၅၇.၃၅% ရှိကြောင်း တွေ့ရှိရပါသဖြင့် အမှန်တကယ်ကောက်ခံသော ရငွေနှင့် ခွဲဝေသတ်မှတ်ထားသောရငွေအကြား ကွဲလွဲမှု ရှိနိုင်ကြောင်း သိရှိရပါသည်။ သို့ရာတွင် အသုံးစရိတ်များ သုံးစွဲရာတွင် ခွဲဝေသတ်မှတ်ထားသော အသုံးစရိတ်နှင့် အမှန်တကယ်သုံးစွဲသော အသုံးစရိတ်တူညီရမည်ဟူသော အချက်အပေါ် သဘောတူညီပါသည်ဟု ဖြေဆိုသူ သာမန်အသုံးစရိတ်အပေါ် ၆၆.၁၈% နှင့် ငွေလုံးငွေရင်း အသုံးစရိတ်အပေါ်တွင် ၆၅.၄၄% ရှိသောကြောင့် အသုံးစရိတ်များသုံးစွဲမှုတွင် လက်ရှိဘဏ္ဍာရေးစနစ်သည် ပိုမိုကြီးကြပ်နိုင်မှုရှိကြောင်း တွေ့ရှိပါသည်။ ထို့ကြောင့် လက်ရှိစနစ်သည် ရငွေ၊ သုံးငွေများနှင့်ပတ်သက်ပြီး မသမာမှုမဖြစ်စေရန် ထိန်းချုပ်ရာတွင် အခက်အခဲမရှိ ဆောင်ရွက်နိုင်သည် ဟူသည့်ဖော်ပြချက်ကို သဘောတူသူ ၇၉.၄၁%၊

လက်ရှိစနစ်သည် မသမာမှုများ မဖြစ်စေရန် ထိန်းကြောင်းပေးနိုင်သည်ဟူသော ဖော်ပြချက်အပေါ် သဘောတူသူ ၇၁.၃၂% ရှိသောကြောင့် မသမာမှုများမဖြစ်စေရန် ထိန်းကြောင်းရာတွင် လက်ရှိ ဘတ်ဂျက်စနစ်ဖြင့် ဆောင်ရွက်မှုသည် ကောင်းမွန်ကြောင်း တွေ့ရပါသည်။ ကောက်ခံရရှိငွေများကို ဘဏ်သို့ နေ့ချင်းပြီးပေးသွင်းရန် အခက်အခဲမရှိ ဆောင်ရွက်နိုင်သည်ဟူသော ဖော်ပြချက်အပေါ် သဘောမတူသူ ၃၃.၀၉% နှင့် သဘောတူသူ ၅၂.၉၄% ရှိကြောင်း တွေ့မြင်ရသဖြင့် ယင်းအချက်အပေါ် တက္ကသိုလ်အများစုအတွက် အဆင်ပြေစွာ လိုက်နာနိုင်သော်လည်း အချို့သောတက္ကသိုလ်များတွင် လိုက်နာဆောင်ရွက်ရန် အခက်အခဲရှိနေသည်ကို တွေ့ရပါသည်။

လက်ရှိစနစ်အရ အသုံးပြုလိုသည့် ပစ္စည်းများ ဝယ်ယူမှုပြုရာတွင် ငွေပေးချေခြင်းအပေါ် သဘောထားအမြင်ကို ဇယား(၇)တွင် တွေ့မြင်နိုင်ပါသည်။

ဇယား(၇)

ပစ္စည်းဝယ်ယူပေးချေမှုအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | သာမန်စာရင်းမှ ပစ္စည်းများဝယ်ယူရာတွင် မိမိ တက္ကသိုလ်၏ဆုံးဖြတ်ချက်ဖြင့်ဝယ်ယူနိုင်သည်။ | ၂.၉၄ | ၇.၃၅ | ၂.၉၄ | ၇၇.၂၁ | ၉.၅၆ |
| ၂ | တက္ကသိုလ်အတွင်း အသုံးစရိတ်တင်ပြပါက ကြန့်ကြာမှုမရှိဘဲမြန်ဆန်စွာထုတ်ပေးနိုင်သည်။ | ၁.၄၇ | ၅.၁၅ | ၄.၄၁ | ၈၀.၈၈ | ၈.၀၉ |
| ၃ | ဘောင်ချာနှင့်တကွ တင်ပြ၍ ငွေထုတ်ရသဖြင့် ပစ္စည်းများဝယ်ရန် အခက်အခဲရှိသည်။ | ၀.၇၄ | ၁၆.၁၈ | ၂.၂၁ | ၇၂.၀၆ | ၈.၈၂ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

ပစ္စည်းများဝယ်ယူမှုအတွက် ငွေပေးချေရာတွင် သာမန်ငွေစာရင်းမှသုံးစွဲရာ၌ တက္ကသိုလ်၏ ဆုံးဖြတ်ချက်ဖြင့် ဝယ်ယူနိုင်မှုမှာ သဘောတူသူ ၇၇.၂၁% နှင့် အလွန်သဘောတူသူ ၉.၅၆% ရှိသောကြောင့် အများစုမှာ လွတ်လပ်စွာဝယ်ယူသုံးစွဲနိုင်ကြောင်း ပေါ်လွင်စေပါသည်။ အဆိုပါစရိတ် များကို ပြန်လည်တင်ပြတောင်းခံသည့်အခါ မြန်ဆန်မှုရှိမှုအနေဖြင့် သဘောတူသူ ၈၀.၈၈% နှင့် အလွန်သဘောတူသူ ၈.၀၉% ရှိသောကြောင့် သာမန်ငွေစာရင်းမှ သုံးစွဲပြီးငွေ ပြန်လည်ထုတ်ယူရာ တွင်အခက်အခဲမရှိပါ။ သို့ရာတွင် ပစ္စည်းဝယ်ယူပြီးမှ ဘောင်ချာနှင့်တကွ တင်ပြပြီးမှ ငွေထုတ်ယူရ သဖြင့် ပစ္စည်းဝယ်ယူရန် အခက်အခဲရှိနေမှုမှာ သဘောတူသူ ၇၂.၀၆% အများဆုံးရှိနေသောကြောင့် ကြိုတင်စိုက်ထုတ်သုံးစွဲရခြင်းကြောင့် ပစ္စည်းဝယ်ယူရန် အခက်အခဲများစွာရှိနေကြောင်း ပေါ်လွင်ရ သည်။ အထူးသဖြင့် ပြင်ပဆိုင်များမှ ဝယ်ယူရာတွင် လက်ငင်းပေးချေရသော ပြင်ပမှအသုံးပြုနေ သောစနစ်နှင့် တက္ကသိုလ်များတွင် အသုံးပြုနေသည့်ဘောင်ချာနှင့်တကွ တင်ပြတောင်းခံရသော စနစ်နှစ်ခုကြား အခက်အခဲများရှိနေကြောင်းပေါ်လွင်ပါသည်။

**၄(ဃ)။ စာရင်းစစ်ဆေးခြင်း**

သုံးစွဲသည့်ငွေများအပေါ် မှန်ကန်မှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ဆီလျော်မှု ရှိ၊ မရှိကို စာရင်းစစ်ရုံးများမှ ပုံမှန်စစ်ဆေးနေသည်။ အဆိုပါစစ်ဆေးမှုအပေါ် သဘောထားအမြင်ကို ဇယား(၈)တွင် တွေ့မြင်နိုင်ပါသည်။

ဇယား(၈)အရ တိကျမှု၊ ဘက်မလိုက်မှုနှင့် ယုံကြည်စိတ်ချရမှုအပေါ် တက္ကသိုလ် အများစုက အကောင်းရှုမြင်ကြသည်ကို တွေ့ရပါသည်။ ပြင်ပစာရင်းစစ်ထံ စာရင်းများအား အမှန်အတိုင်း တင်ပြနိုင်သည်ဟူသော ဖော်ပြချက်အား သဘောတူသူ ၇၆.၄၇% ရှိပြီး စာရင်းစစ်က တောင်းခံသည့် ပြင်ပစာရင်းစစ်၏ သက်သေခံအထောက်အထားများကိုလည်း အမှန်အတိုင်း တင်ပြနိုင်သည်ဟူသော ဖော်ပြချက်ကို သဘောတူသူမှာလည်း ၇.၄၇% ရှိသည်ကို တွေ့ရပါသည်။ ထိုနည်းတူစွာ အမှန်တကယ်သုံးစွဲသည့်အတိုင်း စာရင်းစစ်ကိုတင်ပြနိုင်သည်ဟူသော ဖော်ပြချက်အပေါ် သဘောတူသူမှာလည်း ၇၇.၂၁% ရှိကြောင်း တွေ့မြင်ရပါသည်။ ဌာနတွင်း စာရင်းစစ်ထားရှိ ဆောင်ရွက်မှုရှိသည်ဟူသော ဖော်ပြချက်ကို သဘောတူသူ ၅၅.၁၅% နှင့် အလွန်သဘောတူသူ ၆.၆၂% ရှိသောကြောင့် တက္ကသိုလ်အများစုတွင် ဌာနတွင်းစာရင်းစစ်ထားရှိ လုပ်ကိုင်ကြောင်း တွေ့မြင်ရပါသည်။ အမှန်အတိုင်းဆောင်ရွက်ပါက စာရင်းစစ်နှင့်ပတ်သက်၍ စိုးရိမ်စရာမရှိဟူသည့် ဖော်ပြချက်အပေါ် သဘောတူသူ ၇၂.၀၆% နှင့် အလွန်သဘောတူသူ ၂၂.၀၆% ရှိခြင်းကလည်း စာရင်းစစ်၏ တိကျမှန်ကန်စွာဆောင်ရွက်မှုအပေါ် ယုံကြည်မှုရှိကြောင်း တွေ့ရပါ သည်။

ဇယား(၈)

စာရင်းစစ်ဆေးမှုအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ပြင်ပစာရင်းစစ် စစ်ဆေးသည့်အချိန်တွင် စာရင်းများကိုအရှိအတိုင်းတင်ပြနိုင်သည်။ | ၀.၀၀ | ၅.၁၅ | ၁.၄၇ | ၇၆.၄၇ | ၁၆.၉၁ |
| ၂ | စာရင်းစစ်ကတောင်းခံသည့် အထောက်အထားများကို အမှန်အတိုင်း တင်ပြနိုင်သည်။ | ၀.၀၀ | ၂.၉၄ | ၂.၂၁ | ၇၆.၄၇ | ၁၈.၃၈ |
| ၃ | အမှန်သုံးစွဲမှုနှင့် စာရင်းစစ်ထံတင်ပြမှု ကိုက်ညီမှု ရှိသည်။ | ၀.၇၄ | ၃.၆၈ | ၀.၇၄ | ၇၇.၂၁ | ၁၇.၆၅ |
| ၄ | ဌာနတွင်း စာရင်းစစ်ထားရှိပါသည်။ | ၃.၆၈ | ၂၇.၉၄ | ၆.၆၂ | ၅၅.၁၅ | ၆.၆၂ |
| ၅ | အမှန်အတိုင်းဆောင်ရွက်ပါက စာရင်းစစ်နှင့် ပတ်သက်၍ စိုးရိမ်စရာမရှိပါ။ | ၀.၀၀ | ၄.၄၁ | ၁.၄၇ | ၇၂.၀၆ | ၂၂.၀၆ |
| ၆ | စာရင်းစစ်ရှိခြင်းဖြင့် မသမာမှုကို အတော်အသင့် ထိန်းချုပ်နိုင်သည်။ | ၁.၄၇ | ၁.၄၇ | ၃.၆၈ | ၇၂.၇၉ | ၂၀.၅၉ |

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၇ | စာရင်းစစ်၏ စစ်ဆေးခြင်းကြောင့် လုပ်ငန်းလုပ်ဆောင်မှုစွမ်းရည်ကို မထိခိုက်ပါ။ | ၀.၇၄ | ၂.၉၄ | ၇.၃၅ | ၆၈.၃၈ | ၂၀.၅၉ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

စာရင်းစစ်ရှိခြင်းဖြင့် မသမာမှုကို အတော်အသင့်ထိန်းချုပ်နိုင်ကြောင်း ဖော်ပြချက်အပေါ် သဘောတူသူ ၇၂.၇၉% နှင့် အလွန်သဘောတူသူ ၂၀.၅၉% ရှိခြင်း၊ စာရင်းစစ်၏ စစ်ဆေးမှုကြောင့် လုပ်ငန်းလုပ်ဆောင်မှု စွမ်းရည်မထိခိုက်နိုင်ကြောင်း သဘောတူသူ ၆၈.၃၈% နှင့် အလွန်သဘောတူသူ ၂၀.၅၉% ရှိခြင်းကလည်း တက္ကသိုလ်များ၏ စာရင်းများ ဖြောင့်မတ်မှန်ကန်မှုအပေါ် စာရင်းစစ်၏ အထောက်အကူပြုမှုကို ဖော်ပြနေပါသည်။

**၄(င)။ ပြန်လည်သုံးသပ်ခြင်း**

ပြန်လည်သုံးသပ်မှုအပိုင်းတွင် အဓိကအားဖြင့် ၅ပိုင်းခွဲခြား၍ လေ့လာဆန်းစစ်ပါမည်။ ၎င်းတို့မှာ လက်ရှိစနစ်အပေါ် သုံးသပ်ခြင်း၊ တာဝန်ခံမှုရှိခြင်း၊ စနစ်သစ် အစားထိုးခြင်း၊ နိုင်ငံတကာနှင့်ပူးတွဲဆောင်ရွက်ရခြင်းများအတွက် သုံးငွေများအပေါ် သဘောထားအမြင်တို့ကို ဆန်းစစ်လေ့လာပါမည်။

ဇယား(၉)

ပြန်လည်သုံးသပ်နိုင်မှုအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | လျာထားနှင့် သုံးစွဲသည့်ပမာဏကို ခေတ်နှင့်အညီ လျှင်မြန်စွာပြောင်းလဲနိုင်သည်။ | ၂.၂၁ | ၄၃.၃၈ | ၁၁.၇၆ | ၃၉.၇၁ | ၂.၉၄ |
| ၂ | လက်ရှိစနစ်ကြောင့် အဂတိလိုက်စားမှု လျော့နည်းသည်ဟု ယုံကြည်သည်။ | ၀.၇၄ | ၈.၀၉ | ၂၂.၇၉ | ၆၃.၉၇ | ၄.၄၁ |
| ၃ | လက်ရှိဘဏ္ဍာရေးစနစ်သည် ခေတ်ကာလ အခြေအနေနှင့် ကိုက်ညီမှုရှိသည်။ | ၀.၀၀ | ၂၇.၂၁ | ၁၈.၃၈ | ၅၃.၆၈ | ၀.၇၄ |
| ၄ | လက်ရှိစနစ်သည် လျာထား၊ ခွဲဝေ၊ သုံးစွဲမှုတို့ ကို အနီးကပ်ဆုံးဖြစ်အောင် ကိုက်ညီစေသည်။ | ၀.၀၀ | ၁၃.၉၇ | ၃.၆၈ | ၈၀.၁၅ | ၂.၂၁ |
| ၅ | လက်ရှိစနစ်သည် လုပ်ငန်းထိရောက်မှုအတွက် နှောင့်နှေးကြန့်ကြာမှုမရှိပါ။ | ၁.၄၇ | ၂၅.၇၄ | ၁၀.၂၉ | ၆၂.၅၀ | ၀.၀၀ |
| ၆ | လက်ရှိစနစ်သည် ငွေကြေးမသမာမှု မဖြစ်အောင် ကာကွယ်ပေးသည်။ | ၀.၀၀ | ၅.၈၈ | ၁၁.၀၃ | ၈၂.၃၅ | ၀.၇၄ |

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၇ | လက်ရှိစနစ်သည် ရင္ဂေ၊ သုံးငွေများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိသည်။ | ၀.၀၀ | ၈.၈၂ | ၁၂.၅၀ | ၇၇.၂၁ | ၁.၄၇ |
| ၈ | စီမံ၊ ဘဏ္ဍာဝန်ထမ်းများအားလုံး လက်ရှိစနစ်ကို ကျွမ်းကျင်ကြသည်။ | ၃.၆၈ | ၃၆.၇၆ | ၁၁.၀၃ | ၄၆.၃၂ | ၂.၂၁ |
| ၉ | လက်ရှိစနစ်သည်သာမန်အသုံးစရိတ်များအား အဆင်ပြေစွာသုံးစွဲနိုင်ရန် ခွင့်ပြုသည် | ၁.၄၇ | ၂၄.၂၆ | ၂.၉၄ | ၇၀.၅၉ | ၀.၇၄ |
| ၁၀ | လက်ရှိစနစ်သည် ငွေလုံးအသုံးစရိတ်များအား အဆင်ပြေစွာသုံးစွဲရန် ခွင့်ပြုပေးသည်။ | ၁.၄၇ | ၄၈.၅၃ | ၄.၄၁ | ၄၅.၅၉ | ၀.၀၀ |
| ၁၁ | ယေဘုယျအားဖြင့် လက်ရှိဘဏ္ဍာရေး စနစ်ကို ပြုပြင်ပြောင်းလဲရန် မလိုပါ။ | ၁.၄၇ | ၂၇.၉၄ | ၂၇.၉၄ | ၄၂.၆၅ | ၀.၀၀ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

ဇယား(၉)အရ လက်ရှိစနစ်သည် ခေတ်နှင့်အညီ ရင္ဂေ၊ သုံးငွေများအပေါ် လိုက်ပါ ပြောင်းလဲနိုင်မှုရှိသည်ဟူသည့် ဖော်ပြချက်ကို သဘောမတူသူ ၄၃.၃၈% နှင့် သဘောတူသူ ၃၉.၇၁% ရှိသဖြင့် တက္ကသိုလ်များအကြား၊ အမြင်ကွဲပြားမှုရှိသော်လည်း လက်ရှိစနစ်၏ ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် ရင္ဂေ၊ သုံးငွေများအပေါ် လိုက်ပါပြောင်းလဲနိုင်ရန် လိုအပ်မှုရှိနေကြောင်း တွေ့ရပါသည်။ လက်ရှိစနစ်သည် အဂတိလိုက်စားမှုကို လျော့နည်းစေသည်ဟူသော ဖော်ပြချက်ကို သဘောတူသူ ၆၃.၆၄% ရှိသည်ကို တွေ့ရပါသည်။ လက်ရှိစနစ်သည် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီသည်ဟူသော ဖော်ပြချက်အပေါ် သဘောတူသူ ၅၃.၆၈% ရှိပြီး သဘောမတူသူ ၂၇.၂၁% ရှိပါသည်။ လက်ရှိဘဏ္ဍာရေးစနစ်၏ လျာထား၊ ခွဲဝေ၊ သုံးစွဲမှု အပိုင်းများအား ကိုက်ညီစေရန် ချိန်ညှိပေးနိုင်မှုရှိသည်ဟု သဘောတူသူ ၈၀.၁၅% ရှိပါသည်။ လက်ရှိစနစ်၏ လုပ်ငန်းထိရောက်စွာ ဆောင်ရွက်နိုင်မှုအတွက် နှောင့်နှေးကြန့်ကြာမှုမရှိပါဟူသည့် ဖော်ပြချက်အပေါ် သဘောတူသူ ၆၂.၅% ရှိသည်ကိုလည်း တွေ့ရပါသည်။ လက်ရှိစနစ်၏ ငွေကြေးမသမာမှုမဖြစ်စေရန် ကာကွယ်ပေးနိုင်မှုရှိသည်ဟု ဖော်ပြချက်အပေါ် သဘောတူသူ ၈၂.၃၅% ရှိပါသည်။

ထို့အပြင် လက်ရှိစနစ်၏ ရင္ဂေ၊ သုံးငွေများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိသည်ဟု သဘောတူသူ ၇၇.၂၁% ရှိပါသည်။ စီမံ၊ဘဏ္ဍာဝန်ထမ်းများ၏ လက်ရှိစနစ်အား ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်မှုရှိကြောင်း ဖော်ပြချက်အပေါ် သဘောတူသူ ၄၆.၃၂% ရှိပြီး သဘောမတူသူ ၃၆.၇၆% ရှိသောကြောင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအပိုင်း လိုအပ်ချက်ရှိနေသေးကြောင်း တွေ့ရပါသည်။ လက်ရှိစနစ်၏ သာမန်အသုံးစရိတ်များနှင့် ပတ်သက်၍ အဆင်ပြေစွာ ဆောင်ရွက်နိုင်သည်ဟု သဘောတူသူ ၇၀.၅၉% နှင့် သဘောမတူသူ ၂၄.၂၆% ရှိပြီး ငွေလုံးငွေရင်းစရိတ်များနှင့် ပတ်သက်၍ အဆင်ပြေစွာ ဆောင်ရွက်နိုင်မှုအပေါ် သဘောတူသူ ၄၅.၅၉% နှင့် သဘောမတူသူ ၄၈.၅၃%

ရှိသောကြောင့် ငွေလုံးငွေရင်းများသုံးစွဲရာတွင် လက်ရှိစနစ်အနေဖြင့် လိုအပ်ချက် ရှိနေကြောင်း တွေ့နိုင်ပါသည်။ ယေဘုယျအားဖြင့် လက်ရှိဘဏ္ဍာရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် မလိုအပ်သေးပါ ဟူသည့် ဖော်ပြချက်အပေါ် သဘောတူသူ ၄၂.၆၅% ရှိပြီး သဘောမတူသူ ၂၇.၉၄% ရှိသဖြင့် ပြုပြင်ရန် မလိုအပ်သေးဟုယူဆသူ အများစုဖြစ်သော်လည်း ပြုပြင်ရန်လိုအပ်ကြောင်း သဘောထား အမြင်ရှိသူ မှာလည်း သိသာစွာရှိနေသည်ကို တွေ့မြင်ရပါသည်။

ဇယား(၁၀)

တာဝန်ခံမှုရှိခြင်းအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ဘဏ္ဍာရေးနှစ်ကုန်တွင်အမှန်ကုန်ကျသည့် စာရင်းများ ကို အထက်ဌာနသို့ တစ်လအတွင်း ပေးပို့ရသည်။ | ၀.၀၀ | ၂.၉၄ | ၀.၀၀ | ၇၇.၉၄ | ၁၉.၁၂ |
| ၂ | လျာထားနှင့်သုံးစွဲမကိုက်ညီပါက ရှင်းလင်းတင်ပြရန်လိုအပ်သည်။ | ၀.၀၀ | ၂.၉၄ | ၀.၀၀ | ၈၃.၈၂ | ၁၃.၂၄ |
| ၃ | အမှန်ကုန်ကျသည့်စာရင်းပမာဏအတိုင်းနောင်လာမည့်ကာလအတွက် လျာထားတောင်းခံနိုင်သည်။ | ၀.၀၀ | ၂၂.၀၆ | ၄.၄၁ | ၆၆.၁၈ | ၇.၃၅ |
| ၄ | ငွေလုံးငွေရင်းသုံးစွဲရာတွင်သုံးစွဲပမာဏနှင့်လုပ်ငန်းဆီလျော်မှုရှိ၊ မရှိ ပြန်လည်သုံးသပ်တင်ပြရသည်။ | ၂.၂၁ | ၂၈.၆၈ | ၈.၈၂ | ၅၈.၀၉ | ၂.၂၁ |
| ၅ | တန်ဖိုးပမာဏနည်းပါးစေကာမူ ငွေလုံးငွေရင်းဖြင့် ဝယ်ယူရ၍ အခက်အခဲရှိပါသည်။ | ၁.၄၇ | ၁၁.၀၃ | ၁.၄၇ | ၆၉.၁၂ | ၁၆.၉၁ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

ဖော်ပြပါဇယား(၁၀)အရ လက်ရှိစနစ်သည် ငွေကြေးသုံးစွဲရာ၌ တာဝန်ခံမှုအပိုင်းတွင် သုံးစွဲပြီးသောစာရင်းဇယားများကို အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြရခြင်းရှိသည်ဟူသည့် အချက်ပေါ်ဖြေဆိုသူ ၇၇.၉၄% ရှိပြီး လျာထားမှုနှင့်မကိုက်ညီပါက ရှင်းလင်းတင်ပြရန်လိုသည် ဆိုသည့်အချက်ကို သဘောတူသူ ၈၃.၈၂% ရှိပါသည်။ ၎င်းပြင် ယခုနှစ်တွင် ကုန်ကျသည့် စရိတ် များအတိုင်း နောင်လာမည့်နှစ်အတွက် လျာထားတောင်းခံရမှုအပေါ် သဘောတူသူ ၆၆.၁၈% ရှိပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်သုံးစွဲမှု၌လည်း သုံးစွဲပမာဏနှင့် လုပ်ငန်းဆီလျော်မှု ရှိ၊ မရှိ သုံးသပ်တင်ပြရမှုအပေါ် သဘောတူသူမှာ ၅၈.၀၉% ရှိပြီး သဘောမတူသူ ၂၈.၆၈% ရှိနေသောကြောင့် လက်ရှိစနစ်အရ ငွေလုံးငွေရင်း သုံးစွဲမှုသည် အများစုမှာ တာဝန်ခံ၊ တာဝန်ယူမှုရှိသည်ကိုဖော်ပြသည်။ အချို့သောပစ္စည်းများ မြက်ရိတ်စက်ကဲ့သို့ တန်ဖိုးမကြီးလှသော်လည်း ငွေလုံးငွေရင်းသဘောမျိုး သက်ရောက်နေ၍ ဝယ်ယူရာတွင် အခက်အခဲရှိသည်ဟူသည့် အချက်ကို သဘောတူသူ ၆၉.၁၂% နှင့် အလွန်သဘောတူသူ ၁၆.၉၁% ရှိနေ၍ လက်ရှိစနစ်၏ အားနည်းချက်ကို ပေါ်လွင်စေပါသည်။

ဇယား(၁၁)

စနစ်အသစ်အစားထိုးရန်လိုအပ်ခြင်းအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | လွတ်လပ်စွာသုံးစွဲနိုင်သည့် ဘဏ္ဍာရေးစနစ်တစ်ခု အစားထိုးရန် လိုအပ်ပါသည်။ | ၅.၁၅ | ၃၀.၈၈ | ၂၀.၅၉ | ၃၄.၅၆ | ၈.၈၂ |
| ၂ | လက်ရှိစနစ်နှင့် လွတ်လပ်စွာသုံးစွဲနိုင်သည့် ဘဏ္ဍာရေးစနစ်နှစ်ခု ပူးတွဲထားသင့်သည်။ | ၄.၄၁ | ၂၆.၄၇ | ၂၅.၇၄ | ၃၆.၇၆ | ၆.၆၂ |
| ၃ | လက်ရှိဘဏ္ဍာရေးစနစ်သည် တက္ကသိုလ်ဖွံ့ဖြိုး တိုးတက်မှုအတွက် အဟန့်အတားဖြစ်စေသည်။ | ၁.၄၇ | ၅၆.၆၂ | ၂၂.၇၉ | ၁၈.၃၈ | ၀.၇၄ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

ဘဏ္ဍာစနစ်အသစ်တစ်ခု အစားထိုးရန် လိုအပ်မှု ရှိ၊ မရှိ မေးမြန်းခဲ့ရာတွင် အစားထိုးရန် သဘောတူသူ ၃၄.၅၆% ရှိပြီး သဘောမတူသူမှာ ၃၀.၈၈% ရှိနေသောကြောင့် လက်ရှိစနစ်ကို ပြောင်းလဲရန်လိုအပ်သည်မှာ အမှန်ဖြစ်ကြောင်း တွေ့ရှိရသည်။ အချို့မှာ စနစ်သစ်၏ အခြေအနေကို နားလည်သဘောပေါက်မှု မရှိသောကြောင့် ကြားနေအဖြစ် ၂၀.၅၉% ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။ ထိုနည်းတူစွာ လက်ရှိစနစ်နှင့် လွတ်လပ်စွာသုံးစွဲနိုင်သည့်စနစ်သစ်တစ်ခု ပူးတွဲထားသင့်သည် ဆိုသည့်အချက်ကို သဘောတူသူမှာ ၃၆.၇၆% ဖြင့် အများဆုံးဖြစ်သော်လည်း သဘောမတူသူမှာ ၂၆.၄၇% နှင့် ကြားနေမှာ ၂၅.၇၄% ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် လက်ရှိစနစ်တွင် အခက်အခဲများရှိနေသော်လည်း ထိုအခက်အခဲများကို ဖြေလျှော့လျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

ဇယား(၁၂)

ကူညီထောက်ပံ့ငွေနှင့်ချေးငွေတို့အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်(ရာခိုင်နှုန်း)

| စဉ် | မေးခွန်းဖော်ပြချက် | သဘောထားအမြင်အဆင့် | | | | |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | နိုင်ငံတကာနှင့်ပူးတွဲလုပ်ဆောင်မှုအတွက် လက်ရှိ စနစ်သည် လွယ်ကူအဆင်ပြေမှု ရှိသည်။ | ၂.၂၁ | ၁၉.၈၅ | ၆၄.၇၁ | ၁၂.၅၀ | ၀.၇၄ |
| ၂ | လက်ရှိစနစ်အရ ပြင်ပမှ ကူညီငွေများကို အလွယ်တကူသုံးစွဲနိုင်သည်။ | ၂.၉၄ | ၄၁.၉၁ | ၄၈.၅၃ | ၆.၆၂ | ၀.၀၀ |
| ၃ | လက်ရှိစနစ်အရ ချေးငွေများကို အလွယ်တကူရယူ သုံးစွဲနိုင်သည်။ | ၆.၆၂ | ၄၁.၁၈ | ၅၀.၀၀ | ၂.၂၁ | ၀.၀၀ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရသည့် ကိစ္စရပ်များ၌ ရငွေ၊ သုံးငွေများအပေါ်တွင် လက်ရှိစနစ်၏ လွယ်ကူအဆင်ပြေမှု၊ ပြင်ပမှ ကူညီသောရငွေများကို အလွယ်တကူသုံးစွဲနိုင်မှုနှင့် ဈေးငွေရယူသုံးစွဲမှုအပိုင်းကို ကြားနေသူရာခိုင်နှုန်းမှာ ၆၄.၇၁%၊ ၄၈.၅၃% နှင့် ၅၀.၀၀% အသီးသီး ဖြစ်သည်ကို တွေ့ရှိရပါသည်။ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ဘဏ္ဍာရေးကိုထိန်းကျောင်းနေ သူများအနေဖြင့် အတွေ့အကြုံရှိမှုအားနည်းပြီး အချို့မှာခက်ခဲနေကြောင်း တွေ့ရပါသည်။ ထို့ကြောင့် အဆိုပါကိစ္စရပ်များသည် နိုင်ငံတကာနှင့်ပူးပေါင်းဆက်သွယ်မှုများ တိုးမြင့်ပြုလုပ်လာမည်ဆိုပါက မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းရမည်ကို သိရှိနားလည်စေရန် လုပ်ဆောင်ပေးရန် လိုအပ်လာမည် ဖြစ်ပါသည်။

**၄(ဃ)။ ဘတ်ဂျက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်အကြားဆက်စပ်မှု**

ဘတ်ဂျက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်အလိုက် ၎င်းတို့၏ ပျမ်းမျှရမှတ် (average score) ရရန်အတွက် ဖော်ပြချက်တစ်ခုစီကို အုပ်စုအလိုက် composite score ရှာပြီး ပျမ်းမျှတန်ဖိုးဖြစ်သည့် သမတ်ကိန်းတန်ဖိုးများနှင့် ပျံ့နှံ့မှုကို တိုင်းတာပေးသည့် စံတိမ်းချက်တို့ကို ဇယား(၁၃)တွင် တွေ့မြင်နိုင်ပါသည်။

ဇယား(၁၃)

**ဘတ်ဂျက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်**အလိုက် သမတ်ကိန်းနှင့်စံတိမ်းချက်

| စဉ် | အကြောင်းအရာ | သမတ်ကိန်း | စံတိမ်းချက် |
|---|---|---|---|
| ၁ | ဘတ်ဂျက်လျာထား၊ ခွဲဝေရရှိခြင်း | | |
| | (က) ဘတ်ဂျက်လျာထားပြင်ဆင်ခြင်း | ၃.၁၆ | ၀.၅၂ |
| | (ခ) ဘတ်ဂျက် ခွဲဝေရရှိခြင်း | ၃.၁၈ | ၀.၆၁ |
| ၂ | အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | |
| | (က) လွတ်လပ်စွာ သုံးစွဲခွင့်ရှိခြင်း | ၂.၂၆ | ၀.၅၅ |
| | (ခ) လုံခြုံစိတ်ချမှုရှိခြင်း | ၃.၄၄ | ၀.၅၃ |
| | (ဂ)ပစ္စည်းဝယ်ယူမှုအပေါ်ငွေပေးချေခြင်း | ၃.၈၁ | ၀.၅၅ |
| ၃ | စာရင်းစစ်ဆေးခြင်း | ၃.၉၇ | ၀.၄၈ |
| ၄ | ပြန်လည်သုံးသပ်ခြင်း | | |
| | (က) လက်ရှိစနစ်အပေါ်သုံးသပ်ခြင်း | ၃.၃၆ | ၀.၅၃ |
| | (ခ) တာဝန်ခံမှုရှိခြင်း | ၃.၈၀ | ၀.၄၃ |
| | (ဂ) စနစ်အသစ်အစားထိုးရန်လိုအပ်ခြင်း | ၂.၉၅ | ၀.၇၅ |
| | ( ဃ ) ကူညီထောက်ပံ့ငွေနှင့်ချေးယူသုံးစွဲခြင်း | ၂.၆၅ | ၀.၅၄ |

ဇစ်မြစ် ။ ။ ကောက်ယူမေးမြန်းခဲ့သည့် မေးခွန်းလွှာ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ)

ဇယား(၁၃)အရ ဘတ်ဂျက်လျာထား ခွဲဝေရရှိမှုအပိုင်းတွင် သမတ်ကိန်းတန်ဖိုးများမှာ ၃ အထက်ရှိသောကြောင့် ဖြေဆိုသူများအနေဖြင့် အဆိုပါအပိုင်းတွင် အခက်အခဲမရှိဘဲ အဆင်ပြေမှု

ရှိကြောင်း တွေ့မြင်နိုင်ပါသည်။ အကောင်အထည်ဖော်မှုအပိုင်းတွင် လွတ်လပ်စွာ သုံးစွဲခွင့်ရှိခြင်း အပိုင်းသည် သမတ်ကိန်းတန်ဖိုး ၂.၂၆ ဖြစ်၍ ၃ အောက်ငယ်သောကြောင့် ငွေကြေးသုံးစွဲရာတွင် လွတ်လပ်စွာ သုံးစွဲခွင့်မရှိကြောင်း သိမြင်နိုင်ပါသည်။ လုံခြုံစိတ်ချရမှု ၃.၄၄ ရရှိသောကြောင့် လက်ရှိစနစ်သည် မသမာမှုမဖြစ်စေရန်  လုံခြုံစိတ်ချစွာ ထိန်းကျောင်းမှုရှိသည်ကို တွေ့ရသည်။ ပစ္စည်းဝယ်ယူမှုအပေါ် ငွေပေးချေရန် အခက်အခဲရှိမှုတွင် ၃.၈၁ ရရှိ၍ ၃ ထက်ကြီးသောကြောင့်  ပစ္စည်းများဝယ်ယူရာတွင်  အခက်အခဲရှိနေကြောင်း တွေ့မြင်နိုင်ပါသည်။ စနစ်အသစ်အစားထိုးရန် လို၊ မလိုစိစစ်ရာတွင် သမတ်ကိန်း ၂.၉၁ ရရှိသောကြောင့် လုံးဝအသစ်အစားထိုးရန် မလိုအပ်တော့ဘဲ လက်ရှိစနစ်နှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲရန်သာ လိုအပ်မည်ဖြစ်ပါသည်။ ကူညီထောက်ပံ့ငွေရရှိသုံးစွဲမှုနှင့် ပတ်သက်၍ ပျမ်းမျှတန်ဖိုးမှာ ၃ နီးပါးရှိသောကြောင့် ကြားနေသူများပြားပြီး အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ အသိပညာ နည်းပါးကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ခြုံ၍ သုံးသပ်လျှင် လက်ရှိစနစ်သည် လိုအပ်ချက်အရ ပြောင်းလဲသုံးစွဲနိုင်မှုအပေါ် တင်းကျပ်မှု များပြားကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။

**ဘတ်ဂျက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်** အုပ်စုနှစ်ခုဖြစ်သော အကောင်အထည်ဖော်မှုနှင့် ပြန်လည်သုံးသပ်ခြင်းတို့၏ ဆက်စပ်မှုကိုသိရှိနိုင်ရန်အတွက် အောက်ပါအတိုင်း ကိန်းရှင်အမည်များ သတ်မှတ်၍ ဆက်လက်စိစစ်ပါမည်။

အကောင်အထည်ဖော်မှု–

လွတ်လပ်စွာသုံးစွဲခွင့်ရှိခြင်း =free

လုံခြုံစိတ်ချစွာသုံးစွဲနိုင်ခြင်း =safety

ပစ္စည်းဝယ်ယူမှုတွင်ခက်ခဲမှုရှိခြင်း =buying

ပြန်လည်သုံးသပ်ခြင်း–

လက်ရှိစနစ်အပေါ်သုံးသပ်ခြင်း =evaluate

တာဝန်ယူ၊ တာဝန်ခံမှုရှိခြင်း =resp

စနစ်အသစ်အစားထိုးရန်လိုအပ်ခြင်း =new

ကူညီထောက်ပံ့ငွေနှင့်ချေးယူသုံးစွဲခြင်း =aid

အဆိုပါအုပ်စုနှစ်ခု၏ ဆက်စပ်မှုတန်ဖိုးများကို တွက်ချက်ရာတွင် canonical correlation analysis ဖြင့် စိစစ်ကြည့်ရာတွင် အဖြေမှာ တစ်ဖက်ပါအတိုင်းရရှိသည်။

```
$cor
[1] 0.42663487 0.28802731 0.06914615

$xcoef
            [,1]        [,2]        [,3]
```

| | | | |
|---|---|---|---|
| free | 0.002741893 | –0.15643815 | –0.006148879 |
| safety | –0.154358098 | –0.00997627 | –0.053223128 |
| buying | –0.034932867 | –0.01591991 | 0.152417651 |

$ycoef

| | [,1] | [,2] | [,3] | [,4] |
|---|---|---|---|---|
| evaluate | –0.12749375 | –0.07254416 | –0.12662398 | 0.043192175 |
| resp | –0.11832552 | 0.08916011 | 0.14741025 | 0.007745654 |
| new | –0.01322847 | –0.04424667 | –0.02947433 | 0.124134144 |
| aid | 0.03523459 | –0.12992510 | 0.08904129 | –0.032580178 |

အထက်ပါအဖြေအရ ဆက်စပ်မှုကိုဖော်ပြသော canonical correlation များမှာ $\rho_1^*$=0.43, $\rho_2^*$=0.29 နှင့် $\rho_3^*$ =0.07 ရရှိသည်ကို တွေ့ရသည်။ မည်သည့်ဆက်စပ်မှုပြကိန်းအထိ အသုံးပြုသင့်သည်ကို သိရှိရန်အတွက် wilk စစ်ဆေးကိန်းကိုအသုံးပြု၍ ထူးခြားမှုကို စစ်ဆေးရာတွင် အောက်ပါအတိုင်း ရရှိသည်။

Wilks' Lambda, using F–approximation (Rao's F):

| | stat | approx | df1 | df2 | p.value |
|---|---|---|---|---|---|
| 1 to 3: | 0.7465366 | 3.3253383 | 12 | 341.5934 | 0.0001378834 |
| 2 to 3: | 0.9126557 | 2.0262030 | 6 | 260.0000 | 0.0625880921 |
| 3 to 3: | 0.9952188 | 0.3146725 | 2 | 131.0000 | 0.7305781954 |

အဖြေ၏ ပထမလိုင်းအရ p–value< $\alpha$=0.05 ဖြစ်သောကြောင့် မူလအဆိုဖြစ်သော ဆက်စပ်မှုပြကိန်းများဖြစ်သည့် $\rho_1^*$, $\rho_2^*$ နှင့် $\rho_3^*$ တို့သည် သုညနှင့်ညီသည်ဆိုသည့် မူလအဆိုကို ငြင်းပယ်သောကြောင့် ဆက်စပ်မှုရှိသည်ကိုပြသည်။ ဒုတိယလိုင်းအရ p–value > $\alpha$=0.05 ဖြစ်သောကြောင့် $\rho_2^*$နှင့် $\rho_3^*$ တို့သည် သုညနှင့်ညီသည်ဆိုသည့် မူလအဆိုကိုလက်ခံသောကြောင့် ဆက်စပ်မှုမရှိတော့၍ ဆက်စပ်မှုကို $\rho_1^*$ ကိုသာ အသုံးပြုမည်ဖြစ်သည်။ ထို့ကြောင့် ပြန်လည်သုံးသပ်ခြင်းအုပ်စုပါ အကြောင်းအရာများသည် အကောင်အထည်ဖော်မှုကို ဖော်ပြသည့် ကိန်းရှင်များနှင့် ဆက်စပ်မှုပမာဏ 0.43 ဖြစ်သောကြောင့် ဆက်စပ်မှုကောင်းကြောင်း တွေ့ရှိရသည်။ ဆိုလိုသည်မှာ ပြန်လည်သုံးသပ်ခြင်းသည် အကောင်အထည်ဖော်မှုကို တိုက်ရိုက်ဆက်စပ်နေကြောင်း တွေ့မြင်နိုင်သည်။

ဖော်ပြပါမြောက်ဖော်ကိန်းတန်ဖိုးများအရ လွတ်လပ်စွာသုံးစွဲမှုအမြင် တစ် တိုးတိုင်း၊ တိုးတိုင်း ဆက်စပ်မှုပမာဏကို 0.003 တိုးစေသည်ကို တွေ့ရသည်။ သို့ရာတွင် လုံခြုံစိတ်ချရမှု(sefety)

တစ်ယူနစ် တိုးတိုင်း တိုးတိုင်း သုံးသပ်ချက်အပေါ်အမြင်မှာ 0.15 လျော့နည်းလာသည်ကို တွေ့မြင်ရပြီး ပစ္စည်းဝယ်ယူမှုပေါ် အမြင်မှာ တစ်ယူနစ်တိုးတိုင်း ဆက်စပ်မှုပမာဏလျော့လာ၍ သုံးသပ်ချက်အမြင်မှာ မကောင်းနိုင်ကြောင်း တွေ့မြင်ရသည်။ ခြုံ၍ဆိုလျှင် အကောင်အထည်ဖော်ရာ၌ တင်းကျပ်မှုများ လျှော့ချလေလေ ပြန်လည်သုံးသပ်မှုအပေါ် အကောင်းမြင်လေလေ ဖြစ်ပါ သည်။

**၅။ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များ**

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ဘဏ္ဍာရေးစနစ်အပေါ် သဘောထားအမြင်ကို လေ့လာဆန်းစစ်ချက်အရ တွေ့ရှိရသော အဓိကတွေ့ရှိချက်များကို တင်ပြသွားမည်ဖြစ်ပါသည်။

**၅(က)။ ဘတ်ဂျက်လျာထား၊ ခွဲဝေရရှိခြင်း**

ဘတ်ဂျက်ကြိုတင်ရေးဆွဲ တင်ပြရမှုနှင့်ပတ်သက်၍ အဓိကအခက်အခဲမှာ ဘတ်ဂျက်ရေးဆွဲနိုင်သည့် ကျွမ်းကျင်ဝန်ထမ်းများ မလုံလောက်မှုဖြစ်ကြောင်း တွေ့ရပါသည်။ နောက်ထပ်အခက်အခဲတစ်ခုမှာ အမှန်တကယ်ပေါ်ပေါက်မည့် အသုံးစရိတ်နှင့် ဝင်ငွေများအပေါ်တိကျစွာ ခန့်မှန်းရေးဆွဲနိုင်မှုလိုအပ်လျက်ရှိကြောင်းတွေ့ရပါသည်။ အရေးပေါ်လိုအပ်ပါက အလွယ်တကူ ထပ်မံလျာထားတောင်းခံရာတွင် အချို့သော တက္ကသိုလ်များတွင် အခက်အခဲရှိကြောင်းတွေ့ရပါသည်။

ဘတ်ဂျက်ခွဲဝေမှုနှင့်ပတ်သက်၍ အခက်အခဲများမှာ လျာထားတင်ပြသော ပမာဏနှင့် အမှန်ခွဲဝေသောပမာဏ ကွာဟနိုင်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် ငွေလုံးငွေရင်း အသုံးစရိတ် များတွင် လျာထားတင်ပြသောပမာဏနှင့် အမှန်ခွဲဝေမှုပမာဏအကြား ကွာဟနိုင်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ ငွေလုံးငွေရင်းလျာထားမှုပမာဏကို အမှန်မချပေးနိုင်ပါက များသောအားဖြင့် တက္ကသိုလ်များက ကြိုတင်သိရှိနိုင်မှုမရှိသဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်များ အကောင်အထည်ဖော်ရာတွင် ကြိုတင်စီစဉ်နိုင်ရန် အခက်အခဲရှိပါသည်။ နောက်ထပ်အခက်အခဲ တစ်ခုမှာ ဘတ်ဂျက်တွင်မပါဝင်သော အသုံးစရိတ်များ မမျှော်လင့်ဘဲပေါ်ပေါက်ပါက ထပ်မံတောင်းခံ နိုင်စွမ်းမရှိခြင်းဖြစ်ပါသည်။ အချို့သောအသုံးစရိတ်များသည် ကြိုတင်မသိနိုင်ဘဲ ပေါ်ပေါက်နိုင်သည်ဖြစ်ရာ ယင်းတို့ကို ထပ်မံလျာထားတောင်းခံရန် မလွယ်ကူသဖြင့် နောက်လာမည့် ဘတ်ဂျက်တွင်မှ တင်ပြတောင်းခံရသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးနိုင်မှုများ ပေါ်ပေါက် လာနိုင်ပါသည်။

**၅(ခ)။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

ထူးခြားသောတွေ့ရှိချက်တစ်ခုမှာ တက္ကသိုလ်များသည် တူညီသော နိုင်ငံတော်၏ ဘတ်ဂျက်စနစ်အတိုင်း လိုက်နာဆောင်ရွက်ရသော်လည်း ဘတ်ဂျက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တက္ကသိုလ်တစ်ခုနှင့် တစ်ခုတုန့်ပြန်ဆောင်ရွက်နိုင်စွမ်း မတူညီခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် အရေးပေါ်လိုအပ်ပါက အလွယ်တကူ ထပ်မံလျာထားတောင်းခံနိုင်သည်ဟူသည့် ဖော်ပြချက်အပေါ် သဘောတူသူ အများဆုံး ၄၈.၅၃% နှင့် သဘောမတူသူ ဒုတိယအများဆုံး ၃၁.၆၂% ရှိခြင်း၊ တက္ကသိုလ်၏ ဆုံးဖြတ်ချက်ဖြင့် စာရင်းခေါင်းစဉ်များ ပြောင်းလဲကျင့်သုံးနိုင်သည်ဟူသည့် အချက်ကို အလွန်သဘောမတူသူ ၁၄.၇၁% နှင့် သဘောမတူသူ ၄၉.၂၆% ရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် အဆိုပါအချက်ကိုပင် သဘောတူသည်ဟုဖြေဆိုသူ ၂၄.၂၆% ရှိခြင်းကလည်း အချို့ တက္ကသိုလ်များတွင်

စာရင်းခေါင်းစဉ်ကို ပြောင်းလဲကျင့်သုံးနိုင်သည်ဟူသည့်အချက်ကို တွေ့မြင်ရပါသည်။ ယင်းသို့ တက္ကသိုလ်တစ်ခုနှင့် တစ်ခုမတူညီရခြင်းမှာ ဝန်ကြီးဌာနမတူသော တက္ကသိုလ်များ ပါဝင်နေသောကြောင့် ဝန်ကြီးဌာနအလိုက် ဘတ်ဂျက်စနစ်ကို ကြီးကြပ်မှုကွာခြားနိုင်ခြင်းကြောင့် လည်းဖြစ်နိုင်ပါသည်။

ဘတ်ဂျက်ကို အကောင်အထည်ဖော်ရာတွင် အဓိကအခက်အခဲတစ်ခုမှာ ဘတ်ဂျက်တွင် မပါဝင်သော အသုံးစရိတ်များကို စိုက်ထုတ်သုံးစွဲနိုင်မှုမရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့်မမျှော်လင့်ဘဲ ပေါ်ပေါက်နိုင်သည့် အသုံးစရိတ်များအား ကျခံသုံးစွဲနိုင်ရန် နှောင့်နှေးမှုရှိနိုင်ပါသည်။ ငွေလုံးငွေရင်းစရိတ်များဝယ်ယူသုံးစွဲရာတွင် တက္ကသိုလ်များ၏ သဘောအတိုင်းဝယ်ယူ သုံးစွဲခွင့်မရှိခြင်း၊ ဘတ်ဂျက်ခေါင်းစဉ်များကို တက္ကသိုလ်၏ဆုံးဖြတ်ချက်ဖြင့် ပြောင်းလဲနိုင်မှုမရှိခြင်း၊ ခွဲဝေပေးထားသည့် ဘတ်ဂျက်ပမာဏထက် ကျော်လွန်သုံးစွဲရန် လိုအပ်ပါက အလွယ်တကူ သုံးစွဲနိုင်ခွင့်မရှိခြင်း၊ အမှန်တကယ်သုံးစွဲရန်လိုအပ်ပါက စာရင်းခေါင်းစဉ် ပြောင်းလဲသုံးစွဲခွင့်မရှိခြင်း၊ လုပ်ငန်းအတွက် အရေးပေါ်လိုအပ်ပါက ကြိုတင်ဝယ်ယူသုံးစွဲခွင့်မပြုခြင်း၊ ငွေလုံးငွေရင်းစရိတ်များကို ဘဏ်မှထုတ်ယူပြီး အချိန်အတိုင်းအတာတစ်ခုအထိ တက္ကသိုလ်များအနေဖြင့် လက်ဝယ်ကိုင်ဆောင်ထားခွင့် မရှိခြင်းနှင့် ပစ္စည်းများဝယ်ယူရန် ကြိုတင်ငွေထုတ်ယူခွင့်မရှိဘဲ ဝယ်ယူပြီးမှ ငွေရှင်းဘောင်ချာဖြင့် ပြန်လည် တင်ပြတောင်းခံရခြင်းများ ဖြစ်ပါသည်။ အဆိုပါ အခက်အခဲများက လက်ရှိ ဘဏ္ဍာရေးစနစ်သည် ထိန်းချုပ်မှုကို အဓိကဖောင်းပေးပြီး၊ ပြောင်းလဲကျင့်သုံးနိုင်မှုနှင့် တာဝန်ယူဆောင်ရွက်နိုင်မှု အားနည်းလျက်ရှိကြောင်းတွေ့မြင်ရပါသည်။

ဘတ်ဂျက်၏ထိန်းကျောင်းနိုင်မှုနှင့် ကြီးကြပ်နိုင်မှုအား လေ့လာခဲ့ရာတွင် လက်ရှိအသုံးပြုနေသော ဘတ်ဂျက်စနစ်သည် အသုံးစရိတ်များအားခွဲဝေမှုနှင့် အမှန်တကယ်သုံးစွဲမှု ကွာဟမှုနည်းပါးအောင် ကြီးကြပ်နိုင်စွမ်းရှိပါသည်။ ထို့အပြင် မသမာမှုများ မပေါ်ပေါက်အောင်နှင့် လျော့နည်းအောင် ကြီးကြပ်နိုင်သည်ကို တွေ့ရပါသည်။

**၅(ဂ)။ စာရင်းစစ်ဆေးခြင်း**

စာရင်းစစ်ဆေးမှုနှင့် ပတ်သက်၍ ပြင်ပစာရင်းစစ်၏တိကျမှု၊ ဘက်မလိုက်မှုနှင့် ယုံကြည်စိတ်ချရမှုအပေါ် တက္ကသိုလ်အများစုက အကောင်းရှုမြင်ကြသည်ကို တွေ့ရပါသည်။ ပြင်ပစာရင်းစစ်ကို စာရင်းများအမှန်အတိုင်းတင်ပြနိုင်ခြင်း၊ အမှန်အတိုင်းဆောင်ရွက်ပါက စာရင်းစစ်နှင့်ပတ်သက်၍ စိုးရိမ်ရန်မရှိခြင်း၊ တက္ကသိုလ်အများစုတွင် ဌာနတွင်း စာရင်းစစ်ထားရှိခြင်းတို့ကို တွေ့မြင်ရပါသည်။ တက္ကသိုလ်များ၏ စာရင်းများ ဖြောင့်မတ်မှန်ကန်မှုအပေါ် စာရင်းစစ်၏ အထောက်အကူပြုမှုကို တွေ့ရှိရပါသည်။

**၅(ဃ )။ ပြန်လည်သုံးသပ်ခြင်း**

ပြန်လည်သုံးသပ်နိုင်စွမ်းနှင့်ပတ်သက်၍ လေ့လာဆန်းစစ်မှုအရ လက်ရှိစနစ်သည် အဂတိလိုက်စားမှုကို လျော့နည်းစေသည်၊ ငွေကြေးမသမာမှုမဖြစ်စေရန် ကာကွယ်ပေးနိုင်မှု ရှိသည်ကို တွေ့ရပါသည်။ လက်ရှိစနစ်သည် ခေတ်နှင့်အညီ ရငွေ၊ သုံးငွေများအပေါ် လိုက်ပါပြောင်းလဲနိုင်မှု၊

လိုအပ်မှုရှိနေသော်လည်း ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုရှိသည်ဟု ဖြေဆိုသူအများစု ထင်မြင်ကြောင်းတွေ့ရပါသည်။ လက်ရှိစနစ်၏ လုပ်ငန်းထိရောက်စွာ ဆောင်ရွက်နိုင်မှုအတွက် နှောင့်နှေးကြန့်ကြာမှုမရှိဟုလည်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင်လက်ရှိစနစ်၏ ရငွေ၊ သုံးငွေများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိသည်ဟု ဖြေဆိုသူအများစုက သဘောတူပါသည်။ စီမံ၊ ဘဏ္ဍာဝန်ထမ်းများအနေဖြင့် လက်ရှိစနစ်အားကျွမ်းကျင်မှုအပိုင်း လိုအပ်ချက်ရှိနေသေးကြောင်း တွေ့ရပါသည်။ ငွေလုံးငွေရင်းများသုံးစွဲရာတွင် လက်ရှိစနစ်အနေဖြင့် အဆင်ပြေစွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ချက်ရှိနေကြောင်းတွေ့နိုင်ပါသည်။ ယေဘုယျအားဖြင့် လက်ရှိဘဏ္ဍာရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် မလိုအပ်သေးပါဟု ယူဆသူ အများစုရှိသည်ကိုတွေ့မြင်ရပါသည်။

သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် တာဝန်ယူ၊ တာဝန်ခံမှုရှိသည်ဟုဖော်ပြသော်လည်း အချို့သောအသုံးစရိတ်များမှာ ငွေကြေးပမာဏမများသော်လည်း ငွေလုံးငွေရင်းပုံစံဖြစ်နေသောကြောင့် ချက်ချင်းဝယ်ယူသုံးစွဲရန်ခက်ခဲပါသည်။ ထို့အပြင် နောင်ရေရှည်တွင် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ များပြားလာနိုင်သောကြောင့် အဆိုပါပူးပေါင်းဆောင်ရွက်မှုများအတွက် အဆင်သင့်ဖြစ်စေရေး ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်မှုများကို နားလည်သဘောပေါက်စေရန် လေ့ကျင့်ပေးရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် တင်ပြရပါက လက်ရှိဘဏ္ဍာရေးစနစ်သည် ရငွေ၊ အသုံးစရိတ်များအားစနစ်ကျစေရန် ထိန်းချုပ်ကြီးကြပ်နိုင်မှု၊ မသမာမှုမဖြစ်အောင်ကာကွယ်ပေးနိုင်မှု၊ ပွင့်လင်းမြင်သာမှုရှုထောင့်များတွင် အားကောင်းသည်ကို တွေ့ရပါသည်။ သို့ရာတွင် တက္ကသိုလ်များ၏ လိုအပ်ချက် အရဘတ်ဂျက်ခေါင်းစဉ်နှင့် အသုံးစရိတ်များ ပြောင်းလဲကျင့်သုံးနိုင်မှု၊ ငွေလုံးငွေရင်း အသုံးစရိတ် များအားလိုအပ်သလို တာဝန်ယူသုံးစွဲနိုင်မှု၊ အသုံးစရိတ်များအား ခေတ်ကာလနှင့်အညီ လိုက်ပါတိုးမြင့်ပြောင်းလဲနိုင်မှုအပိုင်းများတွင် အားနည်းချက်ရှိကြောင်း တွေ့ရပါသည်။ လက်ရှိ ဘဏ္ဍာရေးစနစ်သည်တက္ကသိုလ်များ၏ လက်ရှိအခြေအနေတွင် အတော်အသင့် ကောင်းမွန်လုံလောက်ပြီး ပိုမိုကောင်းမွန်သောစနစ်သစ်တစ်ခု ပြောင်းလဲအစားထိုးရန် မလိုအပ်ကြောင်း တွေ့မြင်ရပါသည်။ သို့ရာတွင် တက္ကသိုလ်များ၏ ဘဏ္ဍာရေးဝန်ထမ်းများ၏ လက်ရှိစနစ်နှင့်အညီ ကောင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကျွမ်းကျင်မှုတိုးတက်စေရန် လိုအပ်ကြောင်း တွေ့မြင်ရပါသည်။

**၆။ အကြံပြုဘဏ္ဍာငွေရရှိသုံးစွဲမှုစနစ်**

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လက်ရှိဘဏ္ဍာရေးစနစ်သည် ထိန်းကျောင်းမှုတွင် အားသာချက်များရှိနေသော်လည်း ပိုမိုပြေလျော့သောစနစ်တစ်ခုရှိရန် လိုအပ်လာပါသည်။ သို့ပါ၍ ဖြစ်နိုင်ချေရှိသော ပုံစံ(model) အမျိုးမျိုးကို ပုံ(၁)တွင် ဖော်ပြအပ်ပါသည်။

ဖော်ပြပါ ပုံ(၁)တွင် Model A သည် လက်ရှိတက္ကသိုလ်အများစုတွင် အသုံးပြုနေသောပုံစံတစ်ခုဖြစ်ပါသည်။ အဆိုပါပုံတွင် တက္ကသိုလ်၏ ဝင်ငွေများသည် နိုင်ငံတော်ဘတ်ဂျက် ရန်ပုံငွေနှင့်တက္ကသိုလ်တို့၏ ကိုယ်ပိုင်ရန်ပုံငွေသို့ ရငွေအဖြစ်ဝင်လာပါမည်။ တက္ကသိုလ်များအနေဖြင့် နိုင်ငံတော်ရန်ပုံငွေရရှိရန် ကြိုတင်လျာထားရေးဆွဲပြီး ခွဲဝေရရှိသည့်ငွေကို အစိုးရစာရင်းထားနည်း ပုံစံအတိုင်း

ထားရှိသုံးစွဲပြီး စာရင်းစစ်ဆေးခံယူပါသည်။ ဤတွင် ပုံမှန်သင်တန်းမှရငွေအားလုံးသည် နိုင်ငံတော်သို့ ဝင်ငွေအဖြစ်ဝင်၍ HRD သင်တန်းမှရငွေ အချိုးတစ်ခုသည် နိုင်ငံတော်သို့ ပေးသွင်းပြီး ကျန်ရငွေများမှာ တက္ကသိုလ်များတွင် အခြားရငွေများအဖြစ် ထားရှိ၍ သက်ဆိုင်ရာတက္ကသိုလ်၏ ကြီးကြပ်မှုဖြင့် သုံးစွဲပါမည်။ စာရင်းထားနည်းစနစ်မှာ အစိုးရစာရင်းထားနည်းပုံစံကိုသာအသုံးပြုပါ သည်။ အကယ်၍ တက္ကသိုလ်များအနေဖြင့် ကိုယ်ပိုင်ရန်ပုံငွေထူထောင်မည်ဆိုပါက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ချက်များအတွက် စာရင်းထားရှိ၍ တွေ့ကြုံနေရသည့် ဘဏ္ဍာငွေဆိုင်ရာ အခက်အခဲများကို အထိုက်အလျောက် ပြေလည်မည်ဖြစ်ပါသည်။




ပုံ(၁) ဘဏ္ဍာငွေရရှိ သုံးစွဲမှုစနစ်အမျိုးမျိုး

Model B သည် ရငွေအားလုံးမှာ နိုင်ငံတော်သို့ပေးသွင်းပြီး ကြိုတင်လျာထားဆောင်ရွက်သည့်နည်းလမ်းဖြစ်ပါသည်။ အဆိုပါနည်းလမ်း၏ အားသာချက်မှာ ဝန်ကြီးဌာနများက အပြည့်အဝ ထိန်းချုပ်၍ ဆောင်ရွက်သောကြောင့် မသမာမှုနည်းပါးမည်ဖြစ်သည်။ သို့ရာတွင် အဆိုပါနည်းမှာ ရာနှုန်းပြည့် Plan Budget ဖြစ်သောကြောင့် ချက်ချင်းဆောင်ရွက်ရမည့် project များအတွက် လျာထားဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပြီး လှူဒါန်းငွေများအတွက် ကြိုတင်လျာထားသုံးစွဲရမည် ဆိုခြင်းမှာ ခက်ခဲလာနိုင်ပါသည်။ ထိုနည်းကိုအသုံးပြုလျှင် တက္ကသိုလ်များ ဝင်ငွေရှာကြံမှုလျော့ပါးလာနိုင်ပြီး တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးမှုပိုမိုများပြားလာရမည် ဖြစ်၍ နိုင်ငံတော်အတွက် ပိုမို၍ ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်ဟု ယူဆပါသည်။ လျာထားပြီးမှသုံးစွဲရ၍ လည်း

တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာ နိုင်ပါသည်။ ၎င်းအပြင် နိုင်ငံခြားတက္ကသိုလ်များနှင့် ပူးတွဲဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် လျာထားသုံးစွဲရ၍ ခက်ခဲကြန့်ကြာနိုင်ပါသည်။

Model C မှာ တက္ကသိုလ်မှ ရငွေအားလုံးသည် တက္ကသိုလ်၏ ကိုယ်ပိုင်ရန်ပုံငွေသို့ဝင်၍ တက္ကသိုလ်မှကြီးကြပ်သုံးစွဲသည့်စနစ်ဖြစ်သည်။ နိုင်ငံတော်မှ ပံ့ပိုးသည့်အပိုင်းတွင် သက်ဆိုင်သည့် ဝန်ကြီးဌာနကသာ တစ်စိတ်တစ်ဒေသ ထိန်းကျောင်းပေးသည့်နည်း ဖြစ်သည်။ နိုင်ငံတော်မှ ပံ့ပိုးငွေ ရရှိရေးအတွက် တက္ကသိုလ်များက စီမံကိန်းများရေးဆွဲတင်ပြပြီး ရရှိသုံးစွဲရမည်ဖြစ်ပါသည်။ အဆိုပါ ပုံစံအရ တက္ကသိုလ်များ၏ဝင်ငွေအားလုံးမှာ တက္ကသိုလ်များ၏ ကိုယ်ပိုင်ရန်ပုံငွေသို့သာ ဝင်သောကြောင့် ဝင်ငွေရရှိရန် ရှာကြံမှု ပိုမိုလာမည်ဖြစ်ပြီး ထိုသို့ပိုလာသည်နှင့်အညီ နိုင်ငံတော်၏ ပံ့ပိုးပေးရမှု လျော့နည်းလာနိုင်ပါသည်။

Model D သည် တက္ကသိုလ်ရငွေအားလုံးကို ကိုယ်ပိုင်ရန်ပုံငွေသို့ဝင်ပြီး နိုင်ငံတော်သို့ လျာထားတင်ပြချက်များသည်လည်း ကိုယ်ပိုင်ရန်ပုံငွေသို့ ဝင်လာသောကြောင့် ဘဏ္ဍာငွေ ထိန်းကျောင်းမှုစနစ်သည် တက္ကသိုလ်တွင်သာတာဝန်ရှိပါသည်။ အဆိုပါနည်းသည် ဘဏ္ဍာရေး လွတ်လပ်ခွင့် အပြည့်အဝရရှိစေမည်ဖြစ်ပြီး တက္ကသိုလ်များသည် အပြိုင်အဆိုင် ဝင်ငွေရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲမှုများမှာ တဖြည်းဖြည်း လျော့နည်းလာမည်ဖြစ်ပါသည်။ အဆိုပါနည်းလမ်းသည် လွတ်လပ်စွာရပ်တည်လာမည့် တက္ကသိုလ်များအတွက် ရေရှည်တွင်ဆောင်ရွက်သင့်ပါသည်။

တင်ပြပါနည်းလမ်း ၄ သွယ်စလုံး၏ ငွေစာရင်းထိန်းသိမ်းမှုစနစ်ကို လက်ရှိကျောင်းများတွင် ရှိနေသော ဝန်ထမ်းများအတွက် ယဉ်ပါးပြီးဖြစ်သည့် အစိုးရစာရင်းထားသိုနည်း အတိုင်းသာ လောလောဆယ်အားဖြင့် အသုံးပြုသင့်ပါသည်။

**၇။ နိဂုံး**

ခေတ်စနစ်၏ ပြောင်းလဲဖွံ့ဖြိုးမှုနှင့်အတူ ပြောင်းလဲလာသည့် ပညာရေးပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ရင်သန်တိုးတက်စေရန်အတွက် မြန်မာနိုင်ငံ၊ အဆင့်မြင့်ပညာကဏ္ဍ၊ တက္ကသိုလ်များလည်း တိုးတက်ပြောင်းလဲရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်စေရန်အတွက် ပညာရေးဥပဒေများ၊ အဖွဲ့အစည်းများ အရှိန်အဟုန်နှင့် ပြောင်းလဲတိုးတက်လျက်ရှိပါသည်။ တက္ကသိုလ်များအနေဖြင့်လည်း ကိုယ်ပိုင်ပဋိညာဉ်များရေးဆွဲပြီး အရည်အသွေးအာမခံမှုစနစ်ကို ပြောင်းလဲကျင့်သုံးရန်နှင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသောတက္ကသိုလ်များဖြစ်ပေါ်လာစေရန် တစ်စစပြောင်းလဲလျက်ရှိပါသည်။ လက်ရှိ ပြောင်းလဲလျက်ရှိသော တက္ကသိုလ်များ၏ လုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဘဏ္ဍာငွေများ ထောက်ကူဖြည့်ဆည်းနိုင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် လက်ရှိကျင့်သုံးလျက် ရှိသော ဘဏ္ဍာရေး စနစ်၏ အားသာချက်များ၊ အားနည်းချက်များကိုလေ့လာပြီး ပြောင်းလဲမှုလုပ်ငန်းစဉ်များအား အထောက်အပံ့ပေးနိုင်ရန် ပိုမိုကောင်းမွန်သော ဘဏ္ဍာရေးစနစ်တစ်ခု လိုအပ်မှုရှိ၊ မရှိ ယခုလေ့လာမှု

ကို လုပ်ဆောင်ခဲ့ပါသည်။ လေ့လာချက်အရ လက်ရှိဘဏ္ဍာရေး စနစ်တွင် အားနည်းချက်များ ရှိသော်လည်း၊ အားသာချက်များလည်းရှိနေသောကြောင့် ဘဏ္ဍာရေးစာရင်းထားသိုနည်း စနစ်သစ် တစ်ခုဖြင့် ချက်ချင်းအစားထိုးရန် မလိုအပ်သေးသော်လည်း ဘဏ္ဍာငွေ ရရှိသုံးစွဲမှုပုံစံမှာ ပြောင်းလဲရန် လိုအပ်ပါကြောင်း တွေ့ရပါသည်။ သို့ရာတွင် လက်ရှိဘဏ္ဍာရေးစနစ်တွင် အားနည်းလျက်ရှိသော မမျှော်လင့်ဘဲပေါ်ပေါက်လာနိုင်သည့် အသုံးစရိတ်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သော ငွေလုံးငွေရင်းအသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ သုံးစွဲနိုင်ရန်နှင့် အနာဂတ်တွင် ပေါ်ပေါက်လာမည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်များအတွက် အဆင်သင့်ဖြစ်စေရန်နှင့် တာဝန်ယူ၊ တာဝန်ခံသုံးစွဲတတ်သော ဘတ်ဂျက်စနစ်တစ်ခုဖြစ်စေရန်အတွက် တက္ကသိုလ်များ၏ လိုအပ်ချက်နှင့်အညီ ပြောင်းလဲကျင့်သုံးနိုင်စွမ်းရှိသော ဘဏ္ဍာငွေရရှိ သုံးစွဲမှုစနစ်ပုံစံ Model C နှင့် လတ်တလော အခြေအနေနှင့် သင့်တော်မှုရှိကြောင်း အကြံပြုအပ်ပါသည်။ ထို့အတွက် ပြဋ္ဌာန်းထားသော အမျိုးသားပညာရေးဥပဒေ၊ နိုင်ငံတော်၏ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်[24]များနှင့်အညီ တက္ကသိုလ်များ၏ ကိုယ်ပိုင်ရန်ပုံငွေတစ်ခု[25] တည်ထောင် ဖွင့်လှစ်ခွင့်ပြုပြီး ကိုယ်တိုင်တာဝန်ယူစီမံခန့်ခွဲစေသောစနစ်ဖြင့် လက်ရှိဘတ်ဂျက်ဖြင့်ခွဲဝေကျင့်သုံးသောစနစ်ကို ထပ်မံပေါင်းစပ်ပေးသင့်ကြောင်း သုံးသပ်ရပါသည်။ အဆိုပါ ကိုယ်ပိုင်ရန်ပုံငွေစာရင်းကိုလည်း တက္ကသိုလ်များ၏အဖွဲ့ဖြင့်ဆုံးဖြတ်ချက်အရ လွတ်လပ်စွာ အသုံးပြုခွင့်ရှိသည်မှလွဲ၍ သုံးစွဲခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းတို့ကို လက်ရှိ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ထိန်းသိမ်းသွားသင့်ကြောင်း အကြံပြုအပ်ပါသည်။

## ကျမ်းကိုးစာရင်း

၁။ National Education Strategic Plan (2016–2021), Ministry of Education (၂၀၁၆)

၂ ။ National Education Law (2014)

၃ ။ National Education Amendment Law (2015)

၄ ။ Regulations on Finanical Management of Myanmar (2017), Ministry of Planning and Finance, Republic of Union of Myanmar

၅ ။ Renu Deshpande (2017), “Budget Monitoring and Oversight System in Myanmar”, Discussion Paper, The Asia Foundation

၆ ။ Union State Budget Law (2018)

၇ ။ Zaw Win (Dr.) “The Role of National Accreditation and Quality Assurance Committee and Its Activities” 24–25 August 2018

[24] Regulations on Finanical Management of Myanmar (2017), Ministry of Planning and Finance, Republic of Union of Myanmar

[25] Own Fund Account